# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲသည် အဖန်ဖန်အထပ်ထပ်ဖြစ်ရ၏**

ခိုင်မြဲသော ရေသောက်မြစ်ကို မဖျက်ဆီးဘဲ 'မနုတ်ဘဲ' ပင်စည်ကို ဖြတ်သော်လည်း သစ်ပင်သည် တစ်ဖန်ပေါက်ရောက်စည်ကားပြန်သကဲ့သို့ ဤအတူ ကိန်းအောင်းနေသော တဏှာကို မဖျက်ဆီးအပ်သေးသည်ရှိသော် ဤပဋိသန္ဓေနေရခြင်းစသော ဆင်းရဲသည် အဖန်ဖန်အထပ်ထပ် ဖြစ်ရ၏။

တဏှာဝဂ် (ဓမ္မပဒ-၃၃၈)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၂)၊ အမှတ်(၃၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိတ္ထီလာမြို့နယ်တွင် မိုးနေကြာစိုက်ဧက ၂၀၅၀ ကျော် စိုက်ပျိုးနိုင်ခဲ့ရာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

မိတ္ထီလာ စက်တင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၌ မိုးနေကြာစိုက်ဧက ၂၀၅၀ ကျော် စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာသီးနှံမှာ စိုက်ပျိုးထုတ်လုပ်မှုစရိတ် နည်းပါးခြင်း၊ စိုက်ပျိုးပြီးပါက ပျက်စီးမှုနည်းပါးခြင်း၊ အထွက်နှုန်းနှင့် တစ်ဧကဆီထွက်နှုန်းကောင်းမွန်ခြင်းတို့အပြင် သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ဒေသခံတောင်သူများ နေကြာသီးနှံကို မိုးဦးနှင့် မိုးနှောင်းရာသီတို့တွင် ပိုမိုစိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၌ မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း မိုးနေကြာစိုက်ပျိုးရန် စိုက်ပျိုးဧက ၁၃၄၇ ဧက လျာထားသတ်မှတ်ပြီး မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက ကြီးကြပ်ပြီး စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ အထွက်နှုန်းကောင်းမွန်သည့် နေကြာမျိုးများကို စိုက်ပျိုးခြင်း၊ အထူးဇုန်စံပြကွက်များ စိုက်ပျိုးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖




**ယနေ့ မာ တိ ကာ**


ယှဉ်ပြိုင်မှုဥပဒေအကြောင်း သိကောင်းစရာများ — ဆောင်းပါး စာ ၁၀

သနပ်ခါးမြို့တော် အရာတော်မှ တန်ဖိုးမြှင့် သနပ်ခါးထုတ်ကုန်များ — ပြည်တွင်းသတင်း စာ ၁၄

အာရှနှင့်ပစိဖိတ်ဒေသတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် သက်ရောက်နိုင်မှု အလားအလာများ — ဆောင်းပါး စာ ၁၆


# မြန်မာနိုင်ငံ၌ ကိုရီးယားအထည်ချုပ်လုပ်ငန်း၊ ချည်ထုတ်လုပ်ရေး၊ ချည်ငင်နှင့် ဆေးဆိုးလုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံမည်

ရန်ကုန် စက်တင်ဘာ ၂၆

**အလုပ်အကိုင်အခွင့်အလမ်း အများဆုံးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံရေးအတွက် ကိုရီးယားအထည်ချုပ်လုပ်ငန်း၊ ချည်ထည်ထုတ်လုပ်ရေး၊ ချည်ငင်နှင့်ဆိုးဆေးလုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ပြောသည်။**

မြန်မာနိုင်ငံတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံမည့် ကိုရီးယားအထည်ချုပ်လုပ်ငန်း PANKO Corporation မှ လုပ်ငန်းရှင်များနှင့် ကုန်သည်စက်မှုအသင်းချုပ် အဖွဲ့ဝင်များ စက်တင်ဘာ ၂၂ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ တွေ့ဆုံစဉ် ဦးအေးဝင်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

တွေ့ဆုံရာတွင် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကို လုပ်ရကိုင်ရလွယ်ကူစေမည့် အခြေအနေများကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လက်ရှိတွင် နိုင်ငံတော်ဘက်မှ ကုန်ထုတ်လုပ်ငန်းများကို အားပေးနေသည့် ကာလဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်း အများဆုံးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများကို တိုးချဲ့ရင်းနှီးမြှုပ်နှံမှာ သိရသည့်အတွက် ဝမ်းသာပီတိ ဖြစ်ရပါကြောင်း၊


စာမျက်နှာ ၃ ကော်လံ ၁ ❏

မြန်မာ့အလင်း

# ခရီးသွားလုပ်ငန်းနှင့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု

မူလသဘာဝအားဖြင့် အစိမ်းရောင်ဟူသည် မြက်ခင်းများ၊ သစ်ရွက်၊ သစ်တောများ၏ အရောင်ဖြစ်သည်။ သင်္ကေတအားဖြင့်မူ အစိမ်းရောင်ဟူသည် "အသက်ဇီဝ"ကိုလည်းကောင်း၊ "သဘာဝပတ်ဝန်းကျင်" ကိုလည်းကောင်း ရည်ညွှန်းခြင်းဖြစ်သည်။ လူသားတို့က မိမိတို့၏ ရှင်သန်နေထိုင်မှုအတွက် တီထွင်ဖန်တီးမှုများ၊ ပြုပြင်တည်ဆောက်မှုများပြုလုပ်ခြင်းသည် အခြားတစ်ဖက်တွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည်။ ပထမစက်မှုတော်လှန်ရေး ကာလမှစ၍ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာသော လူသားကမ္ဘာသည် ဆန့်ကျင်ဘက်ရလဒ်အားဖြင့် ညစ်ညမ်းသော ရေ၊ မြေ၊ လေ ပတ်ဝန်းကျင်၊ ဖောက်ပြန်ပြောင်းလဲလာသည့် ရာသီဥတုများနှင့် ကျန်းမာရေးချူချာလှစွာသော ဂြိုဟ်ကမ္ဘာကြီးသဖွယ်ဖြစ်လာခဲ့ပြီ ဖြစ်သည်။

လူ့ပယောဂကြောင့် ယိုယွင်းခဲ့ရသော မြေကမ္ဘာကြီး ပြန်လည်ကောင်းမွန်လာစေရန်မှာ လူသားတို့တွင် တာဝန်ရှိသည့်အလျောက် လူသားတို့၏ ရှင်သန်လှုပ်ရှားမှုတိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအရင်းအမြစ်များ ခြိုးခြံချွေတာရေးဟူသော အစိမ်းရောင်အမြင်နှင့် ယှဉ်တွဲဆောင်ရွက်ကြရန် လိုအပ်လာသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဖွံ့ဖြိုးတိုးတက်မှုတိုင်းတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုဖြင့် ပေးဆပ်ကြရစမြဲဖြစ်သည့်တိုင် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စွန့်ပစ်ပစ္စည်းများ လျှော့ချခြင်း၊ ကာဗွန်ထုတ်လွှတ်မှု၊ ညစ်ညမ်းမှု၊ ယိုယွင်းမှုများ လျှော့ချရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်သလို သဘာဝအရင်းအမြစ်များ ခြိုးခြံချွေတာနိုင်ရေးအတွက် စွမ်းအင်သုံးစွဲမှု၊ ရေနှင့် အခြားအရင်းအမြစ်များသုံးစွဲမှုများတွင် အလေအလွင့်မရှိ အကျိုးရှိစွာ သုံးစွဲကြရန်လည်း လိုအပ်သည်။

ယနေ့ (စက်တင်ဘာ ၂၇ ရက်)တွင် ကျရောက်သည့် "၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့"၏ ဆောင်ပုဒ်မှာ "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး" (Tourism & Green Investment) ဟူ၍ဖြစ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံများအပေါ် ထိခိုက်မှုမရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ထိန်းချုပ်နိုင်လာခဲ့သည့်အခြေအနေတွင် နိုင်ငံတိုင်းက ပြီးခဲ့သည့် ကပ်ရောဂါ ကာလအတွင်း ထိခိုက်ဆုံးရှုံးခဲ့ရသည့် စီးပွားရေးကိုပြန်လည်ကုစားရာတွင် ခရီးသွားလုပ်ငန်းများကို ဦးစားပေးကဏ္ဍအတွင်း ထည့်သွင်းဆောင်ရွက်လျက်ရှိကြသည်။ ခရီးသွားလုပ်ငန်းသည် စီးပွားရေးကို လျင်လျင်မြန်မြန် ဖွံ့ဖြိုးစေပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာစေခြင်း၊ နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုကို သိနားလည်စေခြင်းနှင့် နိုင်ငံ၏ ကောင်းသတင်းကို ထွက်ပေါ်စေနိုင်ခြင်း စသည့် အားသာချက်များရှိသလို ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်း၊ သဘာဝအရင်းအမြစ်များ ပျက်စီးစေခြင်း၊ ဒေသခံပြည်သူများ၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝတို့အပေါ် ထိခိုက်စေနိုင်ခြင်းစသည့် အားနည်းချက်များလည်းရှိသည်။

ခရီးသွားလုပ်ငန်းများ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရာတွင် ခရီးသွားလုပ်ငန်းမှ အားသာချက်များနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ပင် ခရီးသွားလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ဒေသခံပြည်သူများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် နေ့စဉ်လူမှုဘဝများအပေါ် ဆိုးကျိုးများ သက်ရောက်စေမှုတို့ အနည်းဆုံးအထိလျှော့ချနိုင်ရန် အလေးအနက်စီမံဆောင်ရွက်ကြရပါမည့်အကြောင်း။ ။




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဘုရားကြီးဘုရားအနီး၊ ဆည်မြောင်းတိုးချဲ့ရပ်ကွက်၊ သရဖီလမ်း၊ အိမ်အမှတ် (၂)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီက** နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၉-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ၏ အလံပုံစံ



ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ လွိုင်ကော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်ခင်မြင့် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



## (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် "လောဘအမှောင်" ဆို၊ ငို၊ ပြော ဇာတ်တော်ကြီးကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် စက်တင်ဘာ ၂၆

နေပြည်တော်၌ ၂၀၂၃ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် "လောဘအမှောင်" ဆို၊ ငို၊ ပြော ဇာတ်တော်ကြီးကို နှစ်ပိုင်းခွဲ၍ စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ည ၉နာရီခန့်၌ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ စီစဉ်ပြီး ဇာတ်ညွှန်း နန်းမြင့်ဆွေ(မန္တလေး)၊ ဂီတမှူး (ဂီတဝိဇ္ဇာအောင်ဝမ်းတူး)၊ ရွှာစားကျော် နိုင်လင်းဗိုလ်နှင့်အဖွဲ့၏ တီးခတ်မှုနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက တင်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## သာပေါင်းမြို့နယ်အတွင်း ငါးများ ဈေးနှုန်းချိုသာစွာရောင်းချပေး

သာပေါင်း စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ အများပြည်သူဈေးနှုန်းချိုသာစွာ ငါးစားသုံးနိုင်စေရေးအတွက် သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေလုပ်ငန်းရှင်များ ပူးပေါင်း၍ အများပြည်သူဈေးနှုန်းချိုသာစွာ ငါးစားသုံးနိုင်ရေးအတွက် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ရှမ်းမမြောင်ကျေးရွာအုပ်စု တောင်ယာကုန်းကျေးရွာနှင့် တောင်ကလေးကျေးရွာအုပ်စု တောင်ကလေးကျေးရွာတွင် ငါးခေါင်းပွ၊ ငါးမြစ်ချင်း ပိဿာ ၇၀အား ငွေကျပ်၂၀၀၀ဈေးဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးများဈေးနှုန်းချိုသာစွာရောင်းချရာတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးသိန်းနှင့် ဝန်ထမ်းများ၊ ရေလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ပြီး သာပေါင်းမြို့နယ်အတွင်း ငါးများ ဈေးနှုန်းသက်သာစွာရောင်းချပေးမှုအနေဖြင့် စုစုပေါင်း သတ္တမအကြိမ်မြောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အင်းတော် ပြည်သူ့စစ် (ဌာနေ) စစ်အခြေခံသင်တန်းဖွင့်

အင်းတော် စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော် ပြည်သူ့စစ်(ဌာနေ) စစ်အခြေခံ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က အင်းတော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့မိမြို့ဖများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ် သင်တန်းသားများ တက်ရောက်ကြသည်။ ယင်းသင်တန်းအား ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ကြောင်း သိရသည်။

လူအောင်(ကသာ)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၄)နှစ်မြောက် အထိမ်းအမှတ်ညှော့်ခံပွဲအခမ်းအနားကျင်းပ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်




**ရန်ကုန် စက်တင်ဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၄) နှစ်မြောက် အထိမ်းအမှတ် ညှော့်ခံပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon ဟိုတယ်အမရပူရခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်ဇနီးတို့ တက်ရောက်ကြသည်။

**စတင်ဖွင့်လှစ်**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Cao Jing က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**တည်ခင်းညှော့်ခံ**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Cao Jingတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၄) နှစ်မြောက် အထိမ်းအမှတ်ကိတ်ကိုလှီးဖြတ်ပေးကြပြီး **(ယာပုံ)** အခမ်းအနားသို့ တက်ရောက်လာကြသူများအား သံရုံးယာယီတာဝန်ခံက ညစာစားပွဲဖြင့် တည်ခင်းညှော့်ခံသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တရုတ် - မြန်မာ ချစ်ကြည်ရေးအသင်း (ဗဟို) မှ နာယကနှင့်တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

# ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်ရှိ မြို့နယ်များနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်အချို့တွင် ရက်ပေါင်း ၄၀ ကြာ သင်ကြားပေးသွားမည့် စာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များဆောင်ရွက်နိုင်ရေး ပညာရေးဝန်ကြီးဌာနက စီစဉ်လုပ်ဆောင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီးက စာတတ်မြောက်ရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများနှင့် ကျေးလက်အစွန်အဖျားဒေသရှိ ပြည်သူများအားလုံးကို ဦးတည်၍ ရုံးသုံးစာဖြစ်သည့် မြန်မာစာ မြန်မာစကား အရေး၊ အဖတ်မတတ်သူများ၊ အခြေခံသင်္ချာဘာသာရပ်မတွက်ချက်တတ်သူများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဦးတည်အုပ်စုအနေဖြင့် အသက် ၁၅ နှစ်နှင့်အထက် လူငယ်၊ အရွယ်ရောက်ပြီးသူများနှင့် သက်ကြီးပိုင်းအရွယ်များကို သတ်မှတ်၍ စာတတ်မြောက်ရေးလုပ်ငန်း သင်ကြားပေးမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်ရှိ မြို့နယ်များနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်အချို့တွင် ရက်ပေါင်း ၄၀ ကြာ သင်ကြားပေးသွားမည့် စာတတ်မြောက်ရေးလုပ်ငန်း အစီအစဉ်များ ဆောင်ရွက်နိုင်ရေး ပညာရေးဝန်ကြီးဌာနက စီစဉ်လုပ်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းကို လာမည့်နှစ်နွေရာသီကာလတွင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတစ်ဝန်း သင်ကြားရေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြနိုင်ရေး ဝိုင်းဝန်းဆွေးနွေး တင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ကျောင်းပြင်ပပညာရေးဆိုင်ရာ စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် တန်းညှိပညာရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ရှေ့ဖုံးမှ*

အထူးသဖြင့် အထည်ချုပ်လုပ်ခြင်းအပြင် ချည်ငင်၊ ဆေးဆိုးလုပ်ငန်းများလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်မည် ဆိုသည့်အတွက် မိမိတို့နိုင်ငံအနေနှင့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ကိုင်ရာတွင် အကျိုးအမြတ်ရရှိလိုခြင်းတစ်ခုတည်း သာမက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ကိုရီးယားနိုင်ငံ PANKO Corporation ဥက္ကဋ္ဌကြီး Mr. Youngjoo Choi က မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းအပြင် ချည်ထုတ်လုပ်ရေး လုပ်ငန်းကို လုပ်ကိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ချည်ငင်ခြင်း၊ ဆေးဆိုးခြင်း စသည့်စက်မှုလုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလာရောက်သည့် ကိုရီးယားလုပ်ငန်းရှင်များသည် ချည်ထုတ်လုပ်ရေးတွင် အတတ်ပညာရှိပြီး အတွေ့အကြုံ များစွာရှိကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရန် အသင်းချုပ်နှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာသူများက ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အထည်ချုပ်စက်ရုံများ တိုးချဲ့တည်ဆောက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံသူများ လာရောက်လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရန် ကူညီပေးနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ကိုရီးယားနိုင်ငံ PANKO Corporation သည် မြန်မာနိုင်ငံတွင် အထည်ချုပ်စက်ရုံကို ၂၀၁၉ ခုနှစ်က ပဲခူးမြို့တွင် စတင်တည်ထောင်ကာ အထည်ချုပ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်၍ ပြည်တွင်းအလုပ်အကိုင်များ ဖန်တီးပေးလျက်ရှိသည်။

အစည်းအဝေးသို့ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးရဲမြင့်မောင်၊ ကိုရီးယားနိုင်ငံ PANKO Corporation ဥက္ကဋ္ဌ Mr. Youngjoo Choi, ဥက္ကဋ္ဌ Mr. Kevin Oh, Spinners & Weavers Association of Korea ဥက္ကဋ္ဌ Mr.Joon Kim, Hyup Sung Groupမှ ဥက္ကဋ္ဌ Mr.Kyungmin Kwon နှင့် Mr. Kihong Cheon (PhD)University of Yangon တို့ တက်ရောက်ကြသည်။

**မျိုးမင်းသူရ**

---

❖ *ရှေ့ဖုံးမှ*

ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထူးဇုန်စံပြကွက် ကေ ၁၀၀ ကို ကွက်ယ်ကျေးရွာအုပ်စုတွင် တောင်သူ ၂၇ ဦးမှ စိုက်ကေ ၅၅ ကေ နှင့် ရေချိုကျေးရွာအုပ်စုတွင် တောင်သူ ၁၇ ဦးမှ စိုက်ကေ ၄၅ ကေတို့ကို စိုက်ပျိုးထားရှိသည်။ ထို့အပြင် မြို့နယ်အတွင်း အထွက်နှုန်းကောင်းသည့် ဆင်းရွှေကြာ-၂ ၊ရေဆင်း(၁) တို့ကို စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးနေကြာစိုက်ကေ ၂၀၅၀ ကျော်စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၆**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူး Ms. Zeng Yan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

**ချစ်ကြည်ရင်းနှီးစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ မီဒီယာချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ယူနန်ပြည်နယ် မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ အစိုးရချင်းသာမက ပြည်သူများအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုနှင့် နားလည်မှုရှိစေရေး၊ ရုပ်မြင်သံကြားနှင့် ပုံနှိပ်မီဒီယာများအပြင် New Media ကဏ္ဍတွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး ကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော် ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော်အဖွဲ့အား နေပြည်တော်ရှိ Horizon Lake View ဟိုတယ်တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**ကြိုဆိုနှုတ်ဆက်**

နံနက်ပိုင်းကလည်း ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည်နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်လေ့လာကြရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ MRTV – NRC Channel မှ တိုင်းရင်းသား တိုင်းရင်းသူများက ဦးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နှစ်နိုင်ငံ မီဒီယာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် MRTV News Channel Studio တွင် သတင်းရိုက်ကူးထုတ်လွှင့်မှုကို လည်းကောင်း၊ Auditorium ခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ "သွေးချင်းတို့ဌာနေ မြန်မာပြည်" တေးသီချင်း သရုပ်ဖော်ရိုက်ကူးမှုကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်းရှိ Mini Theatre တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သမိုင်းကြောင်းနှင့် စိန်ရတုပြတိုက်အကြောင်း ရုပ်သံမှတ်တမ်းကို ကြည့်ရှုအားပေးပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ တူရိယာပစ္စည်းများ၊ ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင် ပစ္စည်းများစသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

**လိုက်လံကြည့်ရှုလေ့လာ**

မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ပြည်သူ့ရေးရာဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ သွားရောက်၍ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်အချောထည်များ၊ လက်ဝတ်ရတနာများ၊ ပုလဲအတွဲများကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် အဆိုပါအဖွဲ့သည် နေပြည်တော်မှလေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသည်။ **သတင်းစဉ်**

# နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားပူးပေါင်းစိစစ်ခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများက ပေးပို့တင်ပြလာသည့် သတ်မှတ်ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှုရှိ/မရှိ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်း၍ စိစစ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက ယနေ့ တက်ရောက်လာသည့်ပါတီများမှ သတ်မှတ်ကာလအတွင်း ပေးပို့လာသည့် ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က CVLMS Software ဖြင့် စစ်ဆေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက Admin DEO Software ဖြင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ပါတီဝင်အင်အားစာရင်းတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသူများပါဝင်နေသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ နိုင်ငံရေးပါတီများမှ တင်ပြထားသည့် သတ်မှတ်ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှု ရှိ/မရှိ၊ မြေပြင်တွင် အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိတို့ကို သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပူးပေါင်း၍ စိစစ်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်မည်ဖြစ်သဖြင့် သက်ဆိုင်ရာပါတီအသီးသီး၏ မြို့နယ်တာဝန်ခံများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေး**

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ ခရိုင်ပါတီကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းစိစစ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးများသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ကရင်ပြည်သူ့ပါတီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်အတွင်း အခြေစိုက်သော နိုင်ငံရေးပါတီများ၊ ပါတီရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစိစစ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမများ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးများတွင် တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲအရာရှိများက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ချက်များ၊ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာပါတီအသီးသီး၏ မြို့နယ်တာဝန်ခံများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲအရာရှိများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ပါတီဝင်အင်အားစာရင်း တင်သွင်းထားသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဘိုနည်းပညာကောလိပ်၌ လူငယ်စကားဝိုင်းကျင်းပ

**ရွှေဘို စက်တင်ဘာ ၂၆**

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေဘိုနည်းပညာကောလိပ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက်က ရွှေဘိုနည်းပညာကောလိပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုနည်းပညာ ကျောင်းအုပ်ဆရာကြီး ဦးဇေယျာလှိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်က ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းများ ကျင်းပခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက ဆောင်ရွက်ကာ မောင်မင်းဟိန်းခန့်၊ မောင်ခန့်ငြိမ်းမင်း၊ မောင်ပိုင်ဇေမျိုး၊ မောင်ဝေလွင်ဖြိုးနှင့် မောင်ရဲသွေးနိုင်တို့က ခေါင်းစဉ်များအလိုက် ဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း လူမှုကာကွယ်စောင့်ရှောက်ရေးထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာ ဘုရားအတွင်းရှိ သာသနာ့ဗိမာန်၌ ကျင်းပသော ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ၊ သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များသည် လူမှုရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး လူသားစွမ်းအားစုများကို ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည့်အတွက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ထောက်ပံ့ရေးအစီအစဉ်အရ အကျိုးခံစားခွင့်ရှိသူ ဖ၈၃၂၈ ဦးအတွက် ထောက်ပံ့ကြေး ငွေကျပ် ၂၈၉၇ ဒသမ ၅၂ သန်းနှင့် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွား ၁၄၂၈၉ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၄၂၈ ဒသမ ၆၇ သန်းကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တည်ထောင်ခွင့်ပြုမိန့်ရ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း သုံးဖွဲ့သို့ ထောက်ပံ့ငွေကျပ် ၄၆ ဒသမ ၈၁၅ သန်းကို မေတ္တာဥယျာဉ် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ထောက်ပံ့ပေးအပ်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များကို ထောက်ပံ့ငွေများ လက်ရောက်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် (၂၄)ကြိမ်မြောက် ရခိုင်ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကြသည်။ ဦးစွာ (၂၄) ကြိမ်မြောက် ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ရခိုင်မင်္ဂလာစည်တော်တီးခတ်၍ ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကပြဖျော်ဖြေကာ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမှာစကားပြောကြားပြီး ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြိုင်ပွဲဝင်များက “ရွှေဆုယူမည် ရခိုင်ပြည်” တေးသီချင်း၊ “ကိုယ့်ရပ်ဌာနေ” သီချင်းဖြင့်လည်းကောင်း၊ မြို့ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့က “ညီအစ်ကိုနောင်ရင်း” ယိမ်းအကဖြင့်လည်းကောင်း သီဆိုကပြ ဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးက ကပြသီဆိုဖျော်ဖြေကြသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေတက္ကသိုလ်အားကစားခန်းမ၌ ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြိုင်ပွဲယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဘိုးဘွားရိပ်သာ (စစ်တွေမြို့) သို့သွားရောက်၍ သက်ကြီးဘိုးဘွားများကို ရင်းရင်းနှီးနှီးတွေ့ဆုံဂါရဝပြုပြီး အလှူငွေများနှင့် အင်အားဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။ (ဓါတ်ပုံ)

ယင်းနောက် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ဥသ္သလင်းဘုန်းတော်ကြီးကျောင်း ယာယီနေရပ်စွန့်ခွာစုရပ်ရှိ အမျိုးသမီးများအား ရပ်ရွာအခြေပြုအဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ်ပို့ချနေမှု အခြေအနေများကိုကြည့်ရှုအားပေးကာ စုရပ်နေသူများအား ခေါက်ဆွဲခြောက်နှင့် ဆပ်ပြာတောင့်များထောက်ပံ့ပေးအပ်ပြီး ဥသ္သလင်းကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဘောဒ္ဒူပ IDP စခန်းနှင့် သက္ကယ်ပြင် IDP စခန်းများသို့သွားရောက်ပြီး စခန်းနေသူများနှင့် တွေ့ဆုံကာ ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအတွက် ထောက်ပံ့ငွေများ၊ စခန်းနေသူများအတွက် ခေါက်ဆွဲခြောက်နှင့် ဆပ်ပြာတောင့်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည်စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် MV Charity သင်္ဘောပေါ်မှ ကူညီထောက်ပံ့ရေးပစ္စည်းများ ဆိပ်ကမ်းသို့ချနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာတီးဝိုင်းများ စွမ်းရည်ပြပြိုင်ပွဲသို့ တက်ရောက်

**မြစ်ကြီးနား စက်တင်ဘာ ၂၆**

ကချင်ပြည်နယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အခြေခံပညာကျောင်းများမှ ဘင်ခရာတီးဝိုင်းများ၏ စွမ်းရည်ပြပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ပြည်နယ် ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာတီးဝိုင်းများသည် အားကစားနည်း တစ်ခုလည်းဖြစ်သည့်အပြင် ဘင်ခရာတီးဝိုင်းများ တီးခတ်ပါဝင်ခြင်းဖြင့် ကျင်းပသောအခမ်းအနားများသည် ပို၍ ခမ်းနားတင့်တယ်စေပါကြောင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားများ၊ အထိမ်းအမှတ်ပွဲများနှင့် ဖွင့်ပွဲအခမ်းအနားအမျိုးမျိုးတို့တွင် ဘင်ခရာတီးဝိုင်းများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်းနှင့် သို့ဖြစ်ပါ၍ လာမည့် ပညာသင်နှစ်များတွင်လည်းအခြေခံပညာကျောင်းများ၌ ဘင်ခရာတီးဝိုင်းများ တိုးချဲ့ထားရှိကာ ယှဉ်ပြိုင်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန် မှာကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းသားကျောင်းသူ ဘင်ခရာတီးဝိုင်းအဖွဲ့များကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရာ မြစ်ကြီးနားမြို့ အ.ထ.က(၁) ဘင်ခရာတီးဝိုင်းအဖွဲ့၊ ဝိုင်းမော်မြို့နယ် အ.ထ.က (၂) ဘင်ခရာတီးဝိုင်းအဖွဲ့၊ မြစ်ကြီးနားမြို့ အ.ထ.က(၉)ဘင်ခရာတီးဝိုင်းအဖွဲ့နှင့် မိုးကောင်းမြို့နယ် အ.ထ.က (၁) ဘင်ခရာတီးဝိုင်းအဖွဲ့တို့က စွမ်းရည်ပြတီးမှုတ် ဖျော်ဖြေကာ ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာစွမ်းရည်ပြတီးမှုတ်မှုတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများရရှိခဲ့သော ဘင်ခရာတီးဝိုင်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကချင်ပြည်နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအပေါ် ဆောင်ရွက်သွားမည့် အခြေအနေများ၊ လိုအပ်ချက်၊ အခက်အခဲများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးစီးဌာနအလိုက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတား၊ အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများ၊ အားကစားရုံတည်ဆောက်ခြင်းလုပ်ငန်း၊ မြို့တော်ခန်းမအသစ် တည်ဆောက်ခြင်းလုပ်ငန်းအပါအဝင် စီမံကိန်းလုပ်ငန်းပေါင်း ၄၇ ခု ဆောင်ရွက်လျက် ရှိသည့် အခြေအနေများကို သက်ဆိုင်ရာ လုပ်ငန်းစီမံကိန်းများအလိုက် တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းများဖြစ်သည့်အတွက် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် ရန်ပုံငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစီမံ သုံးစွဲနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထားရှိသည့် သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုမြေဩဇာများ ပေးအပ်

**ကဝ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်သမဝါယမဦးစီးဌာနက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထားသည့် သမဝါယမအသင်းသားတောင်သူများသို့ တစ်ဧကနှစ်သိန်းနှုန်းနှင့် ညီမျှသော ရွှေနဂါး (၁၅ ပတ်လည်)၊ ရွှေနဂါးပုလဲမြေဩဇာများကို မြို့နယ်အတွင်းရှိ မကျက်ကြီး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၊ မြောက်ဈေးဖလုံစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၊ ဖွဲသန်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်နှင့် အုန်းနဲ့စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်များမှ အသင်းသား ၁၁၃ ဦး ၏ စိုက်ဧက ၅၀၀ အတွက် ငွေကျပ်သန်း ၁၀၀ နှင့် ညီမျှသောသွင်းအားစုများကို ပံ့ပိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၆

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နီကော့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံစဉ် ရုရှား - မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် အကျိုးရလဒ်အဖြစ် ကဏ္ဍပေါင်းစုံ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံမှ ယခင်ကာလများကပင် ကူညီပူးပေါင်းဆောင်ရွက်ခဲ့မှု၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ ထုတ်လုပ်မှုများမှ ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် အပူစွမ်းအင် စီမံကိန်းများတွင် ရုရှားကုမ္ပဏီများက ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ စီမံကိန်းများတွင် မြန်မာနိုင်ငံမှ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၁၇ ဦးနှင့် မိသားစုဝင် ခြောက်ဦးတို့က လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပြီး စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး (ဝဲပုံ) သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဝိတ်တန်းအလိုက် အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုများ၊ ဝိတ်တန်းအလိုက် ဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော အင်းတိုင်တပ်နယ် ကိုယ်စားပြုအသင်းအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် စက်တင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဂေါ့ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဂေါ့ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မြနဒီကျောင်းတိုက် သာသနာ့ရက္ခိတဗိမာန်တော်ကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော် နှစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် သုံးပါးနှင့် ဒေသခံပြည်သူ ၁၂၆ ဦးတို့အား သွားနှင့်ခံတွင်း ရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၆**

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ရသေ့တောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၌ ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိအားကစားကွင်း/အားကစားရုံများ၌ ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အုပ်ချုပ်မှုအဖွဲ့တာဝန်ရှိသူများသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဟန်ကျိုးမြို့ရှိ Xiaoshan Guali Sports Center အားကစားရုံ၌ ကျင်းပသည့် ဝူရှူးအားကစားနည်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မအေးသစ္စာမြင့်က နန်းချွမ် (ခေါ်) တောင်ပိုင်း လက်သိုင်းပြိုင်ပွဲနှင့် နန်းသောင်း (ခေါ်) တောင်ပိုင်းဓားသိုင်းပြိုင်ပွဲတို့တွင် ဝင်ရောက် ယှဉ်ပြိုင်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

လင်အန်းမြို့ရှိ Lin’an Sports Culture & Exhibition အားကစားရုံတွင် ကျင်းပသည့် တိုက်ကွမ်ဒို အားကစားနည်း(အတိုက်) ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်၌ မြန်မာနိုင်ငံမှ မမိုးမြင့်မြတ်က (–53 kg) တန်းတွင် ထိုင်းနိုင်ငံကို ပထမအချီတွင်(0:12)မှတ်ဖြင့် လည်းကောင်း၊ ဒုတိယအချီတွင်(2:13)မှတ်ဖြင့် လည်းကောင်း ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံမှ မစန္ဒီဦးက ဝူရှူးအားကစားနည်း ကျန့်စု(ခေါ်)နှစ်ဖက်သွားဓားနှင့် ချန်းစု(ခေါ်) လှံရှည်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**





## လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

**သန်လျင်**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်က သန်လျင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက လူငယ်စကားဝိုင်းကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက ဆောင်ရွက်ပြီး Grade –11 မှ မဖြူဖြူကြည်က လူငယ်နှင့်စာပေ၊ Grade –9 မှ မောင်မင်းကောင်းစံက လူငယ်နှင့်ကျန်းမာရေး၊ Grade– 10 မှ မနှင်းနဒီဦးက လူငယ်နှင့်ယဉ်ကျေးမှု၊ Grade – 8 မှ မောင်မြင့်မြတ်မောင်က လူငယ်နှင့် အားကစား၊ Grade –11မှ မောင်ဥက္ကာကျော်က လူငယ်နှင့်နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး အဆိုပါ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။



**သန်းဝင်း (သန်လျင်)**

**ပလက်ဝ**

ချင်းပြည်နယ် ပလက်ဝမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၅ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဟာအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ဦးစီးအရာရှိ ဦးအောင်ကျော်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး လူငယ်သင်တန်းကျောင်း (Grade–12)မှ မောင်နိုင်လင်းထွန်းက လူငယ်နှင့်အခွင့်အလမ်း၊ (Grade–12)မှ မဖြူစင်ထက်က လူငယ်နှင့်ကျန်းမာရေး၊ (Grade–12) မှ မောင်မောင်ရွှေက လူငယ်နှင့်အားကစား စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကာ ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းပြုလုပ်ခဲ့ရာ တက်ရောက်လာကြသူများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပင်းတယ**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်က တောင်ပေါ်ကြီးကျေးရွာအုပ်စု တောင်ပေါ်ကြီး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားသည်။ ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူး ဦးခင်ဇော်ထွန်းက လူငယ်စကားဝိုင်းများ ကျင်းပပြုလုပ်ပေးရခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်စကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး ပင်းတယမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလှိုင်က လူငယ်စကားဝိုင်းများ ကျင်းပပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ယင်းနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး ပင်းတယမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး တောင်ပေါ်ကြီး အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းသား ကျောင်းသူများက လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့်မျိုးချစ်စိတ်၊ လူငယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်နှင့်အောင်မြင်မှု၊ လူငယ်နှင့် မူးယစ်ဆေး အစရှိသည့် ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ရဲထက်ဦး**

## မိုင်းရှူးအခြေခံပညာအလယ်တန်းကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

**မိုင်းရှူး စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲဆောင်ရွက်သည်။

ဟောပြောပွဲတွင် မိုင်းရှူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်လင်းက မူးယစ်ဆေးဝါး သမိုင်းအကြောင်း၊ စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ၊ ရည်မှန်းချက်တာဝန်များ၊ ချမှတ်ထားသည့် မဟာဗျူဟာများနှင့် အဓိကဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ မူးယစ်ဆေးဝါးများနှင့် ပတ်သက်သည့် ထိန်းချုပ်ဓာတုပစ္စည်းနှင့် ဆေးဝါးများ၊ ဆိုးကျိုးအန္တရာယ်များ၊ ဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များအား မှတ်တမ်းဓာတ်ပုံများနှင့်အတူ ရှင်းလင်းပြောကြားသည်။ အဆိုပါဟောပြောပွဲတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိ ရပ်ဖများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် ဆိုင်ရာများ၊ ယာဉ်စည်းကမ်းလမ်းစည်းဆိုင်ရာများနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **သန်းလှူ(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရေတာရှည် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က ရေတာရှည်မြို့နယ်ပြည်သူ့ဆေးရုံ ပရဝဏ်အတွင်း၌ မြို့နယ်ရဲမှူး ဌေးဝင်းအောင် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်အင်အား ၅၁ ဦးက သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်နေမှုကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး သန့်ရှင်းရေး ပြုလုပ်နေသည့် ရဲတပ်ဖွဲ့ဝင်များအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က အာဟာရဒါနပြု လှူဒါန်းကျွေးမွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ကရင်ပြည်နယ်လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဘားအံ စက်တင်ဘာ ၂၆**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လူငယ်ကဏ္ဍ(၁၆) ရပ်ကို ပြည်နယ်အဆင့်သာမက ခရိုင်၊ မြို့နယ်အဆင့်ထိပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ခရိုင်၊ မြို့နယ် လူငယ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ လူငယ်များသည် အနာဂတ်နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူများ၊ ငြိမ်းချမ်းရေးဖော်ဆောင်သူများ၊ စွန့်ဦးတီထွင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သောအင်အားစုများ၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အတွက် နယ်ပယ်ပေါင်းစုံတွင် လူငယ်များပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ လူငယ်များပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းလာမည်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် သဟဇာတဖြစ်သည့် လူမှုအသိုင်းအဝိုင်းကို တည်ထောင်နိုင်ကာ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဦးစိုးနိုင်၊ လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် လျာထားလုပ်ငန်းစဉ်များ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ထပ်မံဖြည့်စွက်ဆွေးနွေးပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ လူငယ်ရေးရာဦးစီးဌာနအတွက် ငွေကျပ်သိန်း ၅၀ ကို ဒုတိယဝန်ကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းချသူ၊ စားသုံးသူများအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ပြင်ဦးလွင် စက်တင်ဘာ ၂၆

အရည်အသွေးပြည့်ဝ ကောင်းမွန်သော ထောပတ်သီးများ ရွေးချယ်ဝယ်ယူစားသုံးနိုင်ကြရေး ရည်ရွယ်၍ မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်) Myanmar Avocado Producer And Exporter Association (MAVO) ၏ စီစဉ်မှုဖြင့် ထောပတ်သီး စိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းချသူ၊ စားသုံးသူများအတွက် အသိပညာပေး လက်ကမ်းစာစောင်ကို MAVO အသင်းသူ အသင်းသားများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ စုပေါင်း၍ ယမန်နေ့ နံနက်က ပြင်ဦးလွင်မြို့ ဈေးလေးမီးပွိုင့်လမ်းဆုံ၊ လူစည်ကားရာ နေရာများတွင် အများပြည်သူများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်တွင် ပြင်ဦးလွင်ဒေသထွက် ထောပတ်သီးများကို ပြည့်ဝသောအရသာ၊ ကောင်းမွန်သော အရည်အသွေးများဖြင့် စားသုံးသူတို့လက်ဝယ်သို့ ရောက်ရှိစေရေးအတွက် လိုက်နာဆောင်ရွက်သင့်သည့် အရာများ၊ ထို့ကြောင့် ရင့်မှည့်ချိန်ရောက်မှသာ အသီးခူးကိရိယာဖြင့် စနစ်တကျ ခူးဆွတ်ရောင်းချသင့်ကြောင်းနှင့် အခြားဗဟုသုတရစရာများစွာ ဖော်ပြထားသည်။

ယင်းနေ့တွင် အသိပညာပေး လက်ကမ်းစာစောင်ကို ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများထံသို့ အစောင်ရေ ၁၀၀၀ ဖြန့်ဝေပေးခဲ့ပြီး လာမည့် စက်တင်ဘာ ၂၉ ရက်တွင်လည်း ဆက်လက် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖြူလူသစ်(ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညဏ်ဝေခန့်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသော ကျောင်းသား ကျောင်းသူများအား ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း သခင်မြမောင်ခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးစဉ်။**

ရဲလင်းထွန်း (ထီးချိုင့်)


## SIM Card များကို စနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
အမိန့်ကြော်ငြာစာအမှတ်(၁၈ /၂၀၂၃)
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာအသုံးပြုလျက်ရှိသည့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန် မိုဘိုင်းဆက်သွယ်ရေးစနစ်ကိုအခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ e-commerce လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများကို လိမ်လည်မှုများမှ ကာကွယ်ပေးနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများမှ SIM Card ရောင်းချရာတွင် လိုက်နာရမည့် အမိန့်နှင့် ညွှန်ကြားချက်များအား ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ယခုအခါ မိုဘိုင်း SIM Card များအား ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ SIM Card အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ Points of Sales (POS)များ၊ မိုဘိုင်း Hand Set အရောင်းဆိုင်များအပြင် ဈေးများနှင့်လမ်းဘေးဆိုင်များတွင်လည်းကောင်း၊ Online တွင်လည်းကောင်း ဆက်လက်၍ ရောင်းချလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ထိုသို့ SIM Card များအား စနစ်တကျမှတ်ပုံတင်ခြင်းမပြုဘဲ ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဝယ်ယူအသုံးပြုမည့် အများပြည်သူများအနေဖြင့် အဆိုပါ SIM Card နှင့် ချိတ်ဆက် အသုံးပြုလျက်ရှိသည့် ငွေကြေးဝန်ဆောင်မှုများသာမက အခြားသော Online ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်မှုခံရနိုင်သည့်အပြင် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ရန်အတွက် ဥပဒေနှင့်အညီ စုံစမ်းမှုများပြုလုပ်ရာတွင်လည်း အခက်အခဲများရှိလာပါသည်။ ထို့အပြင် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို အသုံးပြုပြီး ဆက်သွယ်ရေးကွန်ရက်ပေါ်မှ ရာဇဝတ်မှုများ၊ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ခြိမ်းခြောက်အန္တရာယ်ပြုမှုများ ပိုမိုပြုလုပ်လာကြသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာပါသည်။ ထို့ကြောင့် SIM Card များကို စနစ်တကျမှတ်ပုံတင်၍ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၊ ၎င်းတို့နှင့်တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသာမက အများပြည်သူများအပါအဝင် မည်သူမဆို သိရှိလိုက်နာရန် လိုအပ်လာပါသည်။

၃။ သို့ဖြစ်ပါ၍ မိုဘိုင်း SIM Card များ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများနှင့် တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့်အရောင်းဆိုင်(Points Of Sales)များသည် Customer Registration ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ပြီးမှသာ ရောင်းချရမည်။ ထိုသို့ရောင်းချမှုတွင် အသစ်ထုတ်ဝေရောင်းချမည့် SIM Card ဖြစ်စေ၊ လက်ရှိဖြန့်ဝေထားသည့် SIM Card ဖြစ်စေ အကျုံးဝင်စေရမည်။

(ခ) မည်သူမဆို မှတ်ပုံတင်ထားခြင်းမရှိသည့် သို့မဟုတ် လိမ်လည်၍ မှတ်ပုံတင်ထားသည့် သို့မဟုတ် Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို ရောင်းချခြင်းမပြုရ။

၄။ မည်သူမဆို Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားသည့် SIM Card ကို တစ်ဆင့်လွှဲပြောင်းရာတွင် ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် Customer Registration ညွှန်ကြားချက်များနှင့်အညီ ပြန်လည်မှတ်ပုံတင်ရမည်။

၅။ မည်သူမဆို အပိုဒ် ၃ နှင့် အပိုဒ် ၄ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၇၂ အရ အရေးယူခြင်းခံရမည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့ နံနက်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ဈေးတန်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ငွေများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# အကြိမ် (၃၀) မြောက် နိုင်ငံတကာအဆင့် မြန်မာ့တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

**အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာနှီးနှောဖလှယ်ပွဲအကြို အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ် သက်မဲ့ခန္ဓာအသုံးပြု ခွဲစိတ်လေ့ကျင့်ရေးခန်းမဆောင်၌ ကျင်းပသည်။**



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်း၊ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တပ်မှူး ဗိုလ်မှူးချုပ် ကျော်ဇင်ညွန့်၊ တပ်မတော်ဆေးသုတေသနတပ် တပ်မှူး ဗိုလ်မှူးချုပ် ကြီးမြင့်၊ တပ်မတော်အရိုးရောဂါ အငြိမ်းစားပါမောက္ခ တပ်မှူးကြီးများ၊ ဖိတ်ကြားထားသော တပ်မှူးကြီးများ၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခ ဒေါက်တာ အောင်သိန်းဌေးနှင့် အရိုးရောဂါပညာ ဘွဲ့လွန်ကျောင်းသား ခုနစ်ဦး၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခဒေါက်တာမျိုးမင်းဦးနှင့် ဘွဲ့လွန်ကျောင်းသား ခြောက်ဦး၊ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခ ဒေါက်တာစည်သူနှင့် ဘွဲ့လွန်ကျောင်းသား ငါးဦး၊ ဆေးတက္ကသိုလ်(မကွေး) ပါမောက္ခ ဒေါက်တာအောင်နိုင်နှင့် ဘွဲ့လွန် ကျောင်းသား နှစ်ဦး၊ အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်စုစည်းကျင်းပသူ တပ်မတော်ဆေးတက္ကသိုလ် အရိုး ရောဂါပညာဌာနမှ ဌာနမှူး/ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ဟိန်းလတ်ဝင်းနှင့် ဘွဲ့လွန်ကျောင်းသား ၄၄ ဦး၊ ဆေးလက်တွေ့ပါရဂူကျောင်းသားများ၊ တပ်မတော်အရိုးရောဂါနယ်ပယ်မှ ပါရဂူကြီးများနှင့် မြန်မာနိုင်ငံတစ်ဝန်းမှ တပ်မတော်သား အရိုးအထူးကုဆရာဝန်များ၊ ပန်းလှိုင်အပြည်ပြည်ဆိုင်ရာဆေးရုံမှ အတိုင်ပင်ခံအရိုးအထူးကုဆရာဝန်ကြီး တစ်ဦး၊ အိန္ဒိယနိုင်ငံမှ ထင်ရှားကျော်ကြားသော လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမိုဟစ်ရှာမားနှင့် အခြားဖိတ်ကြားထားသော တပ်မတော်မှ ပါရဂူကြီးများ စုစုပေါင်း ၁၅၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စာပေရေးရာဆပ်ကော်မတီ ဥက္ကဋ္ဌ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အရိုးရောဂါပညာဌာနမှ နာယက ပါမောက္ခ ဗိုလ်မှူးချုပ်ထွန်းထွန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ ပါမောက္ခ/ ဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဟိန်းလတ်ဝင်းက ယနေ့အလုပ်ရုံဆွေးနွေးပွဲသည် ဆေးပညာနှီးနှောဖလှယ်ပွဲ စာပေရေးရာဆပ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အရိုးရောဂါပညာဌာန၏ နိုင်ငံတကာအဆင့် ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲဖြစ်၍ ယခုလိုကျင်းပနိုင်မှုသည် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း၊ နှစ်ရက်ကြာ ပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲတွင် သက်မဲ့ဆရာ(SilentMentor) များအသုံးပြု၍ သင်ကြားနိုင်ရန် ပါမောက္ခချုပ်နှင့် စာပေရေးရာ ကော်မတီအဖွဲ့ဝင်များမှ အထူးကြိုးစား ဆောင်ရွက်ခဲ့ကြောင်း။

Workshop တွင် အသုံးပြုမည့် Surgical Gloves, Blades, Sutures နှင့် Instruments များကိုလည်း ကြိုတင်စုဆောင်းပြီး Course Curriculum ကိုလည်း နိုင်ငံတကာအဆင့်နှင့်အညီ Update ဖြစ်စေရေး အတွက် ပါမောက္ခ/ဌာနမှူးများ၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ ဆေးဝန်ထမ်း တပ်ဖွဲ့၏ Combat Medical Care တွင် အဓိကလိုအပ်နေသော Flap Surgery in Combat Medical Care ကို အရိုးရောဂါဆရာဝန်များ ကျွမ်းကျင်စွာ တတ်မြောက်ခြင်းဖြင့် တပ်မတော်သားတို့၏ စစ်မြေပြင်ဆေးအကာအကွယ်လုပ်ငန်းကို အထောက်အကူရရှိစေမည့်အပြင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆေးပညာအဆင့်အတန်းသည်လည်း မြင့်မားလာစေရန် ရည်ရွယ်၍ နိုင်ငံတကာမှ ဆေးပညာရှင်များကို ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာပေရေးရာဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းက ပါမောက္ခ/ဌာနမှူးများကိုယ်စား ပါမောက္ခ/ဌာနမှူး ဦးအောင်သိန်းဌေးအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော် ဆေးပညာနှီးနှောဖလှယ်ပွဲကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ပြင်ဦးလွင်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တွင် ကျင်းပသွားမည်ဖြစ်ပြီး အကြိမ် (၃၀) မြောက် Pre-Conference တွင် ပြည်တွင်း/ပြည်ပမှ အတွေ့အကြုံရင့်ကျက်သည့် ပါမောက္ခပညာရှင်ကြီးများက တက်ရောက်လာကြသူများအားလုံးကို ပြုပြင်အစားထိုးခွဲစိတ်ကုသမှုနည်းစနစ်များနှင့် အယူအဆအတွေးအခေါ်ပိုင်းကိုအခြေခံ၍ လက်တွေ့လုပ်ကိုင်နိုင်သည်အထိ သက်မဲ့ဆရာ(Silent Mentor)များကိုအသုံးပြု၍ လက်တွေ့သရုပ်ပြ သင်ကြားဆွေးနွေးခြင်းကို Online မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အရိုးဆရာဝန်များအား Webinar တွင် တိုက်ရိုက်ထုတ်လွှင့်၍ သင်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းအားဖြင့် မြန်မာ့တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့မှ အရိုးပါရဂူငယ်များ၊ ဘွဲ့လွန်ကျောင်းသားများနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စစ်ဘက်၊ နယ်ဘက်မှ ပါမောက္ခဆရာဝန်ကြီးများ၊ ပြည်ပမှ ပညာရှင်ကြီးများနှင့် တိုက်ရိုက်ထိတွေ့ဆွေးနွေးသင်ကြားနိုင်မည့်အပြင် သက်မဲ့ဆရာ (Silent Mentor)ကို အသုံးပြု၍ လက်တွေ့ လေ့ကျင့်နိုင်ခဲ့ခြင်းကြောင့် အရိုးရောဂါပညာ အစားထိုးခွဲစိတ်ကုသမှုနယ်ပယ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကုသသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျော့ဖုံးမှ*

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် ယခုတစ်ကြိမ် တွေ့ဆုံမှုတွင် မန်စီးတီးအသင်းကို ရှုံးကြွေးဆပ်ကာ နောက်တစ်ဆင့်တက်လှမ်းသွားနိုင်မလား သို့မဟုတ် ရှုံးကြွေးထပ်တင်ကာ လိဂ်ဖလားပြိုင်ပွဲကို တတိယအဆင့်နှင့်ပင် ကျေနပ်ရမလားဆိုသည်ကို စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

အာဆင်နယ်က ဘရန့်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘရန့်ဖို့ဒ်အသင်း၏ ခြေစွမ်းက သာမန်သာရှိတာကြောင့် ကစားပုံကောင်း မာကျောသည့်အာဆင်နယ်အသင်းကို အသာရရန် မလွယ်ကူပေ။ အာဆင်နယ်အသင်းကလည်း နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး အမှားခံမည်မဟုတ်သည့်အတွက် အနိုင်ယူပြီး စတုတ္ထအဆင့် တက်လှမ်းသွားဖွယ်ရှိသည်။

လီဗာပူးအသင်းက ချန်ပီယံရှစ်မှာ ခြေစွမ်းပြနေတဲ့ လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ ခြေစွမ်းထက်မြက်တဲ့ အသင်းနှစ်သင်း တွေ့ဆုံမှုကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိလာမည်မှာ သေချာသည်။ သို့သော်လည်း လက်စတာအသင်းထက် လီဗာပူးအသင်းရဲ့ ရှန်းအားမည်မျှအထိ စွမ်းဆောင်သွားနိုင်မည်လဲ စောင့်ကြည့်ရမည် ဖြစ်သည်။

ခြေစွမ်းကောင်းပျောက်ဆုံးနေတဲ့ ချယ်ဆီးအသင်းက ကစားပုံမာကျောပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့ ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည့်အတွက် ခက်ခက်ခဲခဲယှဉ်ပြိုင်ရဖွယ်ရှိသည်။ သာမန်ထက် အသင်းစွမ်းဆောင်ရည်ပိုင်း ကျဆင်းခဲ့ရင် ဘရိုက်တန်အနိုင်ရဖွယ်ရှိသည်။

**အောင်ဇော်**

❍ *ကျော့ဖုံးမှ*

အဆင့် ၆ နေရာ ရခဲ့ခြင်းဖြစ်သည်။

ဝူရှူးပြိုင်ပွဲ စတုတ္ထနေ့ကို စက်တင်ဘာ ၂၇ ရက်**(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမျိုးသမီး ကျန့်စုနှင့် ချန်းစုပြိုင်ပွဲနှစ်ခုပေါင်းတွင် စန္ဒီဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ လက်ရှိကျင်းပနေသည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာဝူရှူးအားကစားသမား လေးဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး စွမ်းရည်ထက်နိုင်၊ အေးသစ္စာမြင့်နှင့် မြတ်နိုးအိမ်တို့ သုံးဦး ယှဉ်ပြိုင်ထားပြီးဖြစ်သည်။

**ရဲရင့်လွင်**

❖ *ကျော့ဖုံးမှ*

ပိုက်ကျော်ခြင်းအားကစားနည်း၌ သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲများ ကျင်းပနေပြီး မြန်မာအသင်းမယှဉ်ပြိုင်ဘဲ လေးယောက်တွဲအမျိုးသားပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲ၊ သုံးယောက်တွဲအမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပမည့် လေးယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် လာအို၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၁ ရက်တွင် လာအိုအသင်း၊ အောက်တိုဘာ ၂ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဗီယက်နမ်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်၊ ဂျပန်၊ အင်ဒိုနီးရှားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် ဂျပန်အသင်း၊ အောက်တိုဘာ ၂ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ယှဉ်ပြိုင်မှုဥပဒေအကြောင်း သိကောင်းစရာများ

အေးအေးသိန်း
မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်

**ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားများ၏ စီးပွားရေး လုပ်ကိုင်ခွင့် အခွင့်အလမ်းများကို တန်းတူညီမျှရရှိစေရမည်ဖြစ်ပါသည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)၊ နိုင်ငံတော်အခြေခံမူများ အခန်းပုဒ်မ ၃၆ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ) တွင် အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ပုဒ်မ ၃၆။ နိုင်ငံတော်သည် –

(က) အမျိုးသား စီးပွားရေး တိုးတက် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမ အဖွဲ့အစည်းများ၊ ဖက်စပ် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစု အားလုံးကို စီးပွားရေး လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခွင့်ပြုသည်။

(ခ) စီးပွားရေး လုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦး တစ်ယောက်ကဖြစ်စေ၊ အစု အဖွဲ့ကဖြစ်စေ လက်ဝါးကြီး အုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှု ပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုး စီးပွားကို ထိခိုက်နစ်နာစေ ခြင်းမှ တားဆီးကာကွယ် မည်။

ကောင်းမွန်သော စီးပွားရေးစနစ်တစ်ရပ်ကို ဖော်ဆောင်ရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ များအကြား တရားမျှတသော ယှဉ်ပြိုင်မှုပတ်ဝန်း ကျင်ကောင်းကို ဖန်တီးနိုင်ရန် အရေးကြီးပေသည်။ ယှဉ်ပြိုင်မှုကို ထိခိုက်စေသည့် ချိုးဖောက်မှုများကို တားဆီးနိုင်ရန် ဥပဒေတစ်ရပ် လိုအပ်လာလျှင် ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယှဉ်ပြိုင်မှုဥပဒေကို လိုက်နာကျင့်သုံးနိုင်ရန် အကျွမ်းတဝင်မရှိသေးမီ ပြုပြင်ပြောင်းလဲရေးကာလအဖြစ် (၂)နှစ် အချိန် ယူခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ယှဉ်ပြိုင်မှုဥပဒေ စတင်အာဏာ သက်ရောက်ကြောင်း နိုင်ငံတော် သမ္မတမှ ၂-၁၂-၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၆၉) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် – ၁၀၆ဖြင့် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှု ကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ပြီး ယှဉ်ပြိုင်မှုဥပဒေပါ လုပ်ပိုင်ခွင့်များကို ကော်မရှင်သို့ အပ်နှင်းခဲ့ပါသည်။

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် စီးပွား ရေး လုပ်ငန်းလုပ်ကိုင်သူများအကြား ယှဉ်ပြိုင်မှု အခွင့်အလမ်းများ နည်းပါးစေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန်အတွက် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အောက်ဖော်ပြပါ အပြုအမူများကို မဖြစ်ပေါ်စေရန် ယှဉ်ပြိုင်မှုဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ထိန်းကျောင်းခြင်း၊ တားဆီးခြင်း အစီအမံများဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်သည် –

(၁) ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊

(၂) ဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့်အခြေအနေကို အလွဲသုံးစားပြု၍ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊

(၃) တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာ ဈေးကွက်အတွင်း လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို ဆန့်ကျင်၍ ယှဉ်ပြိုင်မှုကို ထိခိုက်စေသော အပြုအမူများကို ဆောင်ရွက်ခြင်း။

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှုအခြေအနေအလိုက် ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်ဖွယ်ရှိသော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့် သက်ဆိုင်သည့် ပစ္စည်းပမာဏတို့ကို သတ်မှတ်ပေးခြင်းဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ယှဉ်ပြိုင်မှုထိခိုက်ခြင်းမရှိစေရန် ထိန်းညှိပေးရန် တာဝန်ရှိသည်။

၎င်းအပြင် ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်နိုင်ခြေရှိသော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာ အရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပစ္စည်းပိုင်ဆိုင်မှု ပမာဏတို့ကိုလည်း သတ်မှတ်ပေးရန် လိုအပ်သည်။

ပမာဏသတ်မှတ်ချက်ထက် ကျော်လွန်သော စီးပွားရေးလုပ်ငန်း သို့မဟုတ် ကျော်လွန်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းပမာဏ လျှော့ချရန်လည်းကောင်း၊ ဈေးကွက် လက်ဝါးကြီးအုပ် ချုပ်ကိုင်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်မှုများကို ထိန်းညှိနိုင်ရန် လိုအပ်သော ကန့်သတ်မိန့်များ၊ တားမြစ်မိန့်များကို ထုတ်ပြန်ခြင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အခြေအနေ မပေါ်ပေါက်စေရန် မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်က ထိန်းကျောင်းပေးမည်ဖြစ်သည်။

ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အပြုအမူများသည် လုပ်ငန်းနယ်ပယ်အလိုက် များစွာရှိသော်လည်း သိသာထင်ရှားသော ချိုးဖောက်မှုများကို ဖော်ပြအပ်ပါသည် –

**ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်းဆိုင်ရာ အပြုအမူများ**

(၁) ဝယ်ယူသည့် ဈေးနှုန်းကိုဖြစ်စေ၊ ရောင်းချသည့် ဈေးနှုန်းကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ညှိနှိုင်း သတ်မှတ်ခြင်း၊

(၂) ဈေးကွက်အတွင်း အခြားယှဉ်ပြိုင်သူများ၏ အခွင့်အလမ်းများကို ထိခိုက်စေရန် သို့မဟုတ် ဈေးကွက်မှ ထွက်သွားစေရန် ရည်ရွယ်၍ ဈေးကွက်ကို ဖြစ်စေ၊ ထောက်ပံ့မှု အရင်းအမြစ်များကိုဖြစ်စေ၊ နည်းပညာကိုဖြစ်စေ ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊

(၃) တင်ဒါ သို့မဟုတ် လေလံဆွဲရာတွင် အုပ်စုတစ်စုတစ်ဖွဲ့က တင်ဒါအဆိုပြုဈေးနှုန်း သို့မဟုတ် လေလံကြမ်းခင်းဈေးကို ညှိနှိုင်း၍ အုပ်စုဝင်တစ်ဦးဦးက အခွင့်အရေးရစေရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဦး၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာ ဈေးကွက်ကို လက်ဝါးကြီးအုပ်ရန် အလို့ငှာ စီးပွားရေးလုပ်ငန်းချင်း ပေါင်းစပ်ခြင်း၊ လုပ်ငန်းရယူခြင်း၊ ဖယ်ရှားခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ညှိနှိုင်းသဘောတူခြင်း။

**ဈေးကွက်လွှမ်းမိုးမှုကို အလွဲသုံးစားပြုခြင်းဆိုင်ရာ အပြုအမူများ**

(၁) ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုကို ချုပ်ကိုင်ခြင်း၊

(၂) ကုန်ပစ္စည်းဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုပြုသူကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ထားရှိခြင်း၊

(၃) ယှဉ်ပြိုင်ဖက် စီးပွားရေးလုပ်ငန်း၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို စားသုံးသူများက ရွေးချယ်မှုမပြုနိုင်ရန် ရည်ရွယ်၍ တားဆီးသည့် အစီအမံများ ချမှတ်ခြင်း၊

(၄) သက်ဆိုင်ရာ ဈေးကွက်သို့ ဝင်ရောက်ရန် အလားအလာရှိသည့် အခြား စီးပွားရေးလုပ်ကိုင်သူများကို တားဆီးခြင်း၊

(၅) ဖြန့်ဖြူးသူတို့အပေါ် တရားမျှတမှု မရှိသော စည်းကမ်းများ သတ်မှတ်ခြင်းနှင့် ရောင်းဝယ်မှုဈေးနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သတ်မှတ်ပေးခြင်း၊

(၆) လုပ်ငန်းတစ်ရပ် သို့မဟုတ် လုပ်ငန်းအများအပြားထံ ကုန်ပစ္စည်း ဖြန့်ဖြူးပေးရန် ငြင်းဆန်ခြင်း၊

(၇) တူညီသော အရောင်းအဝယ်ပြုမှုများတွင် ကွဲပြားခြားနားသော စည်းကမ်းချက်များ ကျင့်သုံးခြင်းဖြင့် ဈေးကွက်သို့ အသစ်ဝင်ရောက်လာသူများကိုဖြစ်စေ၊ လက်ရှိယှဉ်ပြိုင်လုပ်ကိုင်နေသူများကို ဖြစ်စေ လုပ်ငန်းတိုးချဲ့မှုပြုလုပ်ရန် အခွင့်အရေးများကို ဆုတ်ယုတ်စေခြင်း၊ ဈေးကွက်မှ ထွက်သွားစေသည်အထိ ထိခိုက်နစ်နာစေခြင်း၊

(၈) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှ ထွက်သွားစေရန်အလို့ငှာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းသော ဈေးနှုန်း သို့မဟုတ် ဆိပ်ကမ်းရောက် တန်ဖိုးအောက် လျော့နည်းသော ဈေးနှုန်းဖြင့် ကုန်စည်များကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း။

**ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း အပြုအမူများ**

(၁) သက်ဆိုင်ရာ ဈေးကွက်အတွင်း အခြား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ ဝင်ရောက် ဆောင်ရွက်ခြင်းမရှိစေရန် ပထုတ်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

(၂) စီးပွားရေးလုပ်ငန်း ယှဉ်ပြိုင်ဖက်များ၏ စားသုံးသူဖောက်သည်များ သို့မဟုတ် ဝယ်ယူသုံးစွဲသူများကို ယင်းစီးပွားရေး ယှဉ်ပြိုင်ဖက်နှင့် စီးပွားရေးအရ မပတ်သက်ရန် တားဆီးခြင်း၊

(၃) ကုန်ပစ္စည်းရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ အခွင့်အလမ်းများကို ကန့်သတ်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက မဖြစ်မနေ ဆောင်ရွက်စေရန် စည်းကမ်းချက်များကို တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သတ်မှတ်ခြင်း၊

(၅) ဈေးကွက် ပျက်ပြားစေရန် ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု၊ တင်သွင်းမှုတို့ကို သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း၊

(၆) ဈေးကွက် ဝယ်လိုအားအောက် လျော့နည်းစေရန် အရေအတွက် လျှော့ချရန် အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန်ပြုလုပ်ခြင်း၊

(၇) ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရောင်းဝယ် ဖောက်ကားမှုပြုရာတွင် နယ်မြေဇရိယာ ထိန်းချုပ်ကန့်သတ်မှုပြုခြင်း။

**✣ ပမာဏသတ်မှတ်ချက်ထက် ကျော်လွန်သော စီးပွားရေးလုပ်ငန်း သို့မဟုတ် ကျော်လွန်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းပမာဏ လျှော့ချရန်လည်းကောင်း၊ ဈေးကွက်လက်ဝါးကြီးအုပ် ချုပ်ကိုင်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်မှုများကို ထိန်းညှိနိုင်ရန် လိုအပ်သော ကန့်သတ်မိန့်များ၊ တားမြစ်မိန့်များကို ထုတ်ပြန်ခြင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အခြေအနေ မပေါ်ပေါက်စေရန် မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်က ထိန်းကျောင်းပေးမည်**

*စာမျက်နှာ ၁၁ သို့*

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်း နိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီးပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ခုနှစ်ဇန်နဝါရီ ၂၅ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၅ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ye Yient Htwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက်နေ အောင်စန်းထွေးအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “San Ko အမေ့သား 2 ” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် စဝ်စံထွန်းရပ်ကွက်နေ ဆန်းကိုအား ညနေ ၄ နာရီတွင်လည်းကောင်း၊ “Zay Min Htut Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဇေမင်းထွဋ်အောင်အား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ဘုရားသီးတောင်မြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ရက်က အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ကိုးနဝင်းစေတီရင်ပြင်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်ကျော် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့မှ ရဲအုပ်ဘိုသိန်းဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မြို့နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး ဇော်မင်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ လှကျော်( ပြန်/ဆက်)



(၇၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုံမြို့နယ် စောရန်ပိုင်ရပ်ကွက်ရှိ အောင်မင်္ဂလာပါဠိတက္ကသိုလ်ကျောင်းတိုက်၌ စက်တင်ဘာ ၂၃ ရက်က ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ခင်မောင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်ကျော်တို့ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မောင်မောင်(လှုပ်စစ်)

# TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၁ နှစ်အရွယ် အပြစ်မဲ့အရပ်သားကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာ ကျေးရွာအတွင်းသို့ TNLA အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်လာခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၁၇၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အပြစ်မဲ့အရပ်သား ဒေသခံပြည်သူများ နေထိုင်လျက်ရှိသည့် ကျေးရွာအတွင်းသို့ ထိခိုက်ပျက်စီးစေလိုသည့် ရည်ရွယ်ချက်ဖြင့် အဝေးမှ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်လာခဲ့ကြောင်းနှင့် အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် ၁၁နှစ်အရွယ် အပြစ်မဲ့ အရပ်သားကလေးငယ် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး TNLA အဖွဲ့ဝင်များသည် အဆိုပါ ကျေးရွာ၏ အနောက်တောင်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် TNLA အဖွဲ့ဝင်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့အရပ်သား ကလေးငယ်အား လုံခြုံရေး တပ်ဖွဲ့ဝင်များက နမ့်ဖတ်ကာ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နမ့်ဖတ်ကာကျေးရွာနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင် ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နမ့်ဖတ်ကာကျေးရွာသို့ TNLA အဖွဲ့များမှ လာရောက်ပစ်ခတ်ခဲ့သည့် နေရာပြပုံ





(၇၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကုတ်မြို့နယ်၌ စက်တင်ဘာ ၂၅ ရက်က ခုတင် (၁၀၀) ပြည်သူ့ဆေးရုံအတွက် စုပေါင်းသွေးလှူဒါန်းကြသည့် ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းနှင့် မိသားစုဝင်များအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဇင်သန့်နှင့် တာဝန်ရှိသူများက အားဖြည့်စာအဖြစ် ကြက်ဥ၊ ငှက်ပျောသီးနှင့် ကြက်ပေါင်းရည်များ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

**တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာ အပြုအမူများ**

(၁) စားသုံးသူများကို ထင်ယောင်ထင်မှား ဖြစ်စေရန် အမှတ်အသားများကို လှည့်စားခြင်း၊

(၂) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(၃) စီးပွားရေး လုပ်ငန်းတွင် အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊

(၄) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(၅) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(၆) တရားမျှတမှု မရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်း သို့မဟုတ် အရောင်းမြှင့်တင်ခြင်း၊

(၇) အခြားစီးပွားရေး လုပ်ငန်းများနှင့် သဘောတူစာချုပ် ချုပ်ဆိုထားသူအား စာချုပ်ဖောက်ဖျက်ရန် ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း။

ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်မှုများတွင် ကျူးလွန်သော ပြစ်မှုအမျိုးအစားပေါ်မူတည်၍ စီမံခန့်ခွဲရေးနည်းလမ်းဖြင့်သော်လည်းကောင်း၊ တရားစီရင်ရေးနည်းလမ်းဖြင့်သော်လည်းကောင်း မည်သည့်နည်းလမ်းဖြင့် အရေးယူသင့်ကြောင်းကို မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က အဆုံးအဖြတ်ပြု၍ ဆက်လက်အရေးယူဆောင်ရွက်ပါသည်။

ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များပြုလုပ်ခြင်း၊ ဈေးကွက်လွှမ်းမိုးမှုကို အလွဲသုံးစားပြုခြင်းနှင့် ဈေးကွက်လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း အပြုအမူများသည် ယှဉ်ပြိုင်မှုနယ်ပယ်တွင် ဆိုးရွားသော ယှဉ်ပြိုင်မှု ဆန့်ကျင်ချိုးဖောက်မှုများ ဖြစ်ပါသည်။

သို့ဖြစ်ရာ ယှဉ်ပြိုင်မှုဥပဒေပါ ပြစ်မှုများကို သတိမူ၍ ချိုးဖောက်ခြင်းမပြုမိကြစေရန် ရည်သန်၍ ဗဟုသုတအလို့ငှာ ဤဆောင်းပါးဖြင့် မျှဝေအသိပေးတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၆**

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသူများကို ယနေ့တွင် ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သည်။

***(ယမန်နေ့မှအဆက်)***

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် - "မွန်မြတ်လှပ ဆရာ့ဘဝ"**

ပထမ - မအက်စတာမင်း၊ Grade-10၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ တောင်ကြီး၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

ဒုတိယ - မသင်းယုယုဆွေ၊ Grade-11၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သရက်တော၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

တတိယ - မပြည့်ပြည့်ကျော်၊ Grade-12၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အလက(၃) မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် - "မွန်မြတ်လှပ ဆရာ့ဘဝ"**

ပထမ - မနွေးအိမ့်ဖြူ၊ Grade-9၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အလက(၁)၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မရတီထွန်း၊ Grade-9၊ အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်တံခါး၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

တတိယ -မမြဖူးသွယ်၊ Grade-8၊ အခြေခံပညာအထက်တန်းကျောင်း၊ ဆင်ဖြူကျွန်း၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

**၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်**
**ကဗျာပြိုင်ပွဲ**

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် - "မြတ်နိုးဂုဏ်အင် ဆရာသခင်"**

ပထမ - မောင်ငြိမ်းခန့်သော်၊ ပထမနှစ်(ဒုတိယနှစ်ဝက်)၊ မြောင်းမြပညာရေးဒီဂရီကောလိပ်၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မမေမြတ်နိုးဦး၊ စတုတ္ထနှစ်၊ မြိတ်တက္ကသိုလ်၊ တနင်္သာရီတိုင်းဒေသကြီး

တတိယ - မဝေဝေထွန်း၊ ပညာရေးဘွဲ့သင်တန်း ဒုတိယနှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၊ စစ်ကိုင်းတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ်-"လမ်းပြကြယ်ပမာ မြတ်ဆရာ"**

ပထမ - မမြတ်သန္တာ၊ Grade-12၊ အခြေခံပညာအထက်တန်းကျောင်း၊ ညောင်ခါးရှည်၊ ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - မမြတ်နိုးရတီ၊ Grade-11၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကော့ကရိတ်၊ ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်

တတိယ - မနှင်းအိဝင့်လွှာ၊ Grade-11၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ်-"လမ်းပြကြယ်ပမာ မြတ်ဆရာ"**

ပထမ - မအေးမြတ်ဖြူ၊ Grade-8၊ အခြေခံပညာအလယ်တန်းကျောင်း၊ သဘော်ဦး၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

ဒုတိယ - မဝင့်နဒီမေဦး၊ Grade-9၊ အခြေခံပညာအထက်တန်းကျောင်း၊ ကဝ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

တတိယ - မသင်းသဇင်ထက်၊ Grade-9၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာ ၃ ရက် (အင်္ဂါနေ့) ညနေထက် နောက်မကျစေဘဲ နေပြည်တော်၊ စည်ပင်တည်းခိုရိပ်သာအမှတ်(၁)တွင် တည်းခိုနိုင်ရန်အတွက် ဦးအောင်လှိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန (ဖုန်း-၀၉ ၈၉၀ ၂၄၈ ၈၈၄) နှင့် ဦးစိုင်းထွန်းအောင်ကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန (ဖုန်း-၀၉ ၂၆၅ ၃၈၇ ၂၈၁) နေပြည်တော်ထံ ဆုရရှိသူ(+၁)သာ ရောက်ရှိ (မပျက်မကွက်) သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း (၇၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာ်ခံပွဲ အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးမြို့ရုံးစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက ကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း (၇၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာ်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးမြို့ရုံးစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Chen Chen၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ်ခံပွဲတွင် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေး နှစ်နိုင်ငံ၏ နိုင်ငံတော် သီချင်းများ ဖွင့်လှစ်၍ အခမ်းအနားစတင်ခဲ့ပြီး မန္တလေးမြို့ရုံးစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Chen Chen က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း (၇၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားကိုလည်းကောင်း ပြောကြားပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






## အရန်သားဖွားဆရာမများအနေဖြင့် မိမိဒေသကို မိမိပညာဖြင့် ကောင်းမွန်စွာစောင့်ရှောက်

**ထားဝယ် စက်တင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီမံမှုဖြင့်ဖွင့်လှစ်သော အရန်သားဖွား ခြောက်လသင်တန်း(ထားဝယ်ခရိုင်) ဖွင့်ပွဲကို စက်တင်ဘာ ၂၆ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း အထူးသဖြင့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူလူထုများ၊ အမျိုးသမီးများ၊ ကလေးများကို စောင့်ရှောက်နိုင်ရန်နှင့် အထောက်အကူဖြစ်နိုင်ရန် ရည်ရွယ်ပြီး စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားဖြစ်သော အရန်သားဖွားဆရာမများကို မွေးထုတ်ပေးနိုင်ရန် ယခုသင်တန်းကို စီစဉ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းကာလ ခြောက်လအတွင်း စာတွေ့လက်တွေ့ သင်ယူကြသည့်အခါတွင် သေချာစွာ နားလည်တတ်ကျွမ်းစေရန် ကြိုးစားကျက်မှတ် သင်ယူလေ့လာပြီး လက်တွေ့လုပ်ဆောင်ကြရန် မှာကြားလိုကြောင်း၊ သင်တန်းဖွင့်ပွဲမှသည် ပြီးဆုံးသည်အထိ ကျွမ်းကျင်စွာတတ်မြောက် အောင်မြင်ကြပြီး အရည်အသွေးပြည့်ဝသော အရန်သွားဖွားဆရာမများ ဖြစ်ကြရန်နှင့် မိမိဒေသကို မိမိပညာဖြင့် ကောင်းမွန်စွာစောင့်ရှောက်နိုင်သူများ ဖြစ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ငွေစံက အရန်သားဖွား သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးဖွင့်

**ဟိုပုံး စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးဖွင့်ပွဲကို စက်တင်ဘာ ၂၅ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အဆိုပါ ရုံးဖွင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ရုံးဖွင့်ပွဲ အထိမ်းအမှတ် အလံများကို ပြည်နယ် ဝန်ကြီးချုပ်အား ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဌာနအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပြီး ရုံးဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ပင်းတယမြို့တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ (ပြန်/ဆက်)**



## ဗီဇာကင်းလွတ်ခွင့်ခရီးစဉ်ဖြင့် ရောက်ရှိလာသူများကို ထိုင်းဝန်ကြီးချုပ်ကြိုဆို

**ဘန်ကောက် စက်တင်ဘာ ၂၆**

ထိုင်းနိုင်ငံသည် ၎င်း၏ တရုတ်ကမ္ဘာလှည့်ခရီးသွားဈေးကွက်ကို ပြန်လည်ဆန်းသစ်သည့် အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၅ ရက်တွင် တရုတ်နိုင်ငံမှ ပထမဆုံးအကြိမ် ဗီဇာကင်းလွတ် ခရီးစဉ်ဖြင့် ရောက်ရှိလာသူများကို လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသည်။

ရှန်ဟိုင်းမှ တရုတ်ခရီးသွား ၃၄၁ ဦးသည် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်သို့ စက်တင်ဘာ ၂၅ ရက်က ရောက်ရှိခဲ့သည်။ ရောက်ရှိလာသူများကို ပန်းစည်းများနှင့် ကြိုဆိုခဲ့သလို ဝန်ကြီးချုပ် ဆရက်သာ သာဗီဆင်နှင့် အဆင့်မြင့်အရာရှိများ ကြိုဆိုခဲ့ကြသည်။

ထိုင်းနိုင်ငံသည် ၎င်း၏ ဗီဇာကင်းလွတ်ခွင့် မူဝါဒသစ်အရ တရုတ်ခရီးသွားများကို ကြိုဆိုခဲ့သည့် ပထမဆုံး အထိမ်းအမှတ်နေ့ဖြစ်ကြောင်း ဆရက်သာက လေဆိပ်ကြိုဆိုရေး အခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့သည်။ ထိုင်းနိုင်ငံသည် စက်တင်ဘာ ၂၅ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ တရုတ်ခရီးသွားများကို ဗီဇာကင်းလွတ်ခွင့်ပြုခဲ့သည်။

ယခုအစီအစဉ်သည် နိုင်ငံ၏ စီးပွားရေးကို သိသိသာသာ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံခရီးသွားအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်လိုက်သော ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၇ ရက်အထိ နောက်ဆုံးအချက်အလက်များအရ ထိုင်းနိုင်ငံသည် တရုတ်ခရီးသွား ၂ ဒသမ ၃၄ သန်းကျော် ဝင်ရောက်ခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။ အဆိုပါအစီအစဉ်ကြောင့် ထိုင်းနိုင်ငံသို့ လာရောက်သောခရီးသွားအရေအတွက် နှစ်ဆမြင့်တက်လာမည်ဟု အာဏာပိုင်များက ခန့်မှန်းထားသည်။

**ဆင်ဟွာ**



ထိုင်းဝန်ကြီးချုပ် ဆရက်သာ သာဗီဆင်က တရုတ်နိုင်ငံမှ ရောက်ရှိလာသူများကို ထိုင်းနိုင်ငံ သုဝဏ္ဏလေဆိပ်၌ စက်တင်ဘာ ၂၅ ရက်က ကြိုဆိုနှုတ်ဆက်စဉ်။



## ဗီယက်နမ်နိုင်ငံတောင်ပိုင်း၌ မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူ နှစ်ဦးတွေ့ရှိ

**ဟန္နိုင်း စက်တင်ဘာ ၂၆**

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူ နှစ်ဦးတွေ့ရှိကြောင်း ဟိုချီမင်းမြို့ ရောဂါ ထိန်းချုပ်ရေးစင်တာက စက်တင်ဘာ ၂၆ ရက်တွင် ပြောသည်။ အသက် ၂၅ နှစ်အရွယ် အမျိုးသားလူနာသည် စက်တင်ဘာ ၂၂ ရက်က ဟိုချီမင်းမြို့ အရေပြားရောဂါကု ဆေးရုံကြီးသို့ သွားရောက်ပြီးနောက် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှုကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ စင်တာက ပြောသည်။

အဆိုပါလူနာကို ဆေးကုသမှုခံယူရန်အတွက် ချက်ချင်း သီးသန့်ခွဲခြားထားသည်။ ထို့ပြင် အဆိုပါစင်တာသည် အတည်ပြုရောဂါ ဖြစ်ပွားသူနှင့် အနီးကပ်ထိတွေ့သူ ရှစ်ဦးကို ခြေရာခံစစ်ဆေးခဲ့ရာ၌ ဘင်ဒေါင်းပြည်နယ်၌ နေထိုင်သူတစ်ဦးမှာ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှု တွေ့ရှိခဲ့သည်။

မျောက်ကျောက် ရောဂါကူးစက်ဖြစ်ပွားသူနှင့် အနီးကပ်ထိတွေ့သူများအား အိမ်တွင် ၂၁ ရက်ကြာ စောင့်ကြည့်ရန် ညွှန်ကြားထားကြောင်းနှင့် မျောက်ကျောက်ရောဂါ ဖြစ်ပွားသူများ၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## မာလာဝီနိုင်ငံ၌ အစာအဆိပ်သင့်မှုကြောင့် ကျောင်းသား ကျောင်းသူ ၁၃၀ ဆေးရုံ ပို့ဆောင်ခဲ့ရ

**ဘလန်တိုင်ယာ စက်တင်ဘာ ၂၆**

အစာအဆိပ်သင့်ခြင်း သံသယလက္ခဏာများ ပြသပြီးနောက် မာလာဝီနိုင်ငံ၏ စီးပွားရေးမြို့တော် ဘလန်တိုင်ယာရှိအလယ်တန်းကျောင်း တစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၃၀ ခန့်ကို ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်လိုက်ရကြောင်း စက်တင်ဘာ ၂၅ ရက်တွင် ဒေသအာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက ဘလန်တိုင်ယာခရိုင် ကျန်းမာရေးရုံး၏ ထုတ်ပြန်ချက်အရ လွန်ဇူအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၃၁ ဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကာ ၅၃ ဦးကို ပြင်ပလူနာအဖြစ် ဆေးကုသမှုပေးခဲ့ပြီး ကျန် ၇၈ ဦးမှာ ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ ဖူကျိုး၌ (၁၀) ကြိမ်မြောက် ပိုးလမ်းမ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကျင်းပ

**ပေကျင်း စက်တင်ဘာ ၂၆**

(၁၀) ကြိမ်မြောက် ပိုးလမ်းမ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် နိုင်ငံနှင့်ဒေသပေါင်း ၈၄ နိုင်ငံမှ ရုပ်ရှင်ကားပေါင်း ၅၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပါဝင်ယှဉ်ပြိုင်သော ရုပ်ရှင်ကားများအနက် ရုပ်ရှင်ကား ၂၀ ကို ဆုပေါင်း ၁၀ ဆုအတွက် ဆန်ခါတင် ရွေးချယ်ခဲ့ကြောင်း ပွဲစီစဉ်သူများက ဖူကျိုး၌ ပြုလုပ်ခဲ့သော ရုပ်ရှင်ပွဲတော်ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။ ဖူကျိုးသည် တရုတ်နိုင်ငံ ဖူကျန်ပြည်နယ် မြို့တော်ဖြစ်သည်။ ရုပ်ရှင်ကားများ ပြသခြင်းကို လွန်ခဲ့သော စနေနေ့က စတင်ခဲ့သည်။ ရုပ်ရှင်ပွဲတော်တွင် ရွှေရောင်ပိုးလမ်းမဆုများ၊ ပြပွဲအစီအစဉ်များ၊ ဆွေးနွေးပွဲများအပါအဝင် အဓိက အစီအစဉ် ကိုးခုပါရှိသည်။

ဖူကျန်နှင့် ရှီအန်း၌ ရုပ်ရှင်ကားပေါင်း ၂၀၀ ကျော် ပြသရန် စီစဉ်ထားသည်။ ရှီအန်းသည် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း မြို့တော်ဖြစ်သည်။ ရုပ်ဝန်းနှင့် ပိုးလမ်းမ မိတ်ဖက်နိုင်ငံများအကြား ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ ရုပ်ရှင်ပွဲတော်ကို ရှီအန်းနှင့် ဖူကျိုးကြားတွင် အလှည့်ကျပြုလုပ်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## အာမေးနီးယားနိုင်ငံ၌ စက်သုံးဆီသိုလှောင်ရုံ ပေါက်ကွဲမှုကြောင့် လူ ၂၀ သေဆုံးပြီး ရာနှင့်ချီ ဒဏ်ရာရ

**မော်စကို စက်တင်ဘာ ၂၆**

နာဂါနို - ခါရာဘတ် ဒေသ၌ စက်တင်ဘာ ၂၅ ရက်က စက်သုံးဆီသိုလှောင်ရုံ ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ ၂၀ သေဆုံးပြီး ၂၉၀ ဒဏ်ရာရခဲ့သည်။

အဆိုဖြစ်စဉ်မှ ဆေးရုံသို့ ရောက်ရှိပြီးနောက် သေဆုံးသူ ခုနစ်ဦးရှိပြီး အခြားအမည်မသိ လူ ၁၃ ဦး၏ ရုပ်အလောင်းများကို စိစစ်ရေးရုံးသို့ ပို့ဆောင်ထားသည်ဟု ဒေသန္တရကျန်းမာရေးစောင့်ရှောက်မှု အာဏာပိုင်များက ပြောကြားကြောင်း အာမေးနီးယား အစိုးရပိုင် သတင်းအေဂျင်စီ အာမန် ပရက်စ်က စက်တင်ဘာ ၂၆ ရက်တွင် ဖော်ပြသည်။ ဒဏ်ရာရသူ အများအပြားမှာလည်း စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေပြီး အချို့မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အစီရင်ခံစာကဆိုသည်။

စက်သုံးဆီ သိုလှောင်ရုံ ပေါက်ကွဲမှုကြောင့် ထိခိုက်သူများကို အကူအညီပေးနိုင်ရန်အတွက် အာမေးနီးယားနိုင်ငံ၏ မြို့တော် ယေရေဗန်မှ နာဂါနို - ခါရာဘတ် ဒေသသို့ ဆေးဘက်ဆိုင်ရာအဖွဲ့ တစ်ဖွဲ့ ရဟတ်ယာဉ်ဖြင့်သွားရောက်လျက်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**



## ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများက ဆင်းရဲမွဲတေမှု လျှော့ချရေး တွန်းအားဖြစ်စေ

**ပေကျင်း စက်တင်ဘာ ၂၆**

တရုတ်နိုင်ငံက အဆိုပြုထားသော ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှု (ဂျီဒီအိုင်) သည် ကမ္ဘာ့ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် ထိရောက်သောတွန်းအားများ ဖြစ်စေခဲ့ကြောင်း တရုတ်အရာရှိတစ်ဦးက စက်တင်ဘာ ၂၆ ရက်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် အရင်းအမြစ်များ ပိုမိုခွဲဝေချထားပေးခဲ့ကြောင်း တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ လက်ထောက်အကြီးအကဲ ကျောက်ဖန်းတောင်က "မျှဝေမှုရှိသော ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်း တရုတ်နိုင်ငံ၏ အဆိုပြုချက်များနှင့် လုပ်ဆောင်ချက်များ" ခေါင်းစဉ်ဖြင့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ အကူအညီကို ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအဖြစ် အဆင့်မြှင့်တင်လိုက်ပြီး ၎င်း၏ စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄ ဘီလီယံအထိ တိုးမြှင့်ထားကြောင်း ကျောက်က မှတ်ချက်ပြုသည်။

တရုတ်ဘဏ္ဍာရေး အဖွဲ့အစည်းများသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှု (ဂျီဒီအိုင်) အကောင်အထည်ဖော်ရန်အတွက် အထူးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကို ထူထောင်ထားပြီး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းပေါင်း ၂၀၀ ကျော်ကို ထည့်သွင်းထားကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

# သနပ်ခါးမြို့တော် အရာတော်မှ တန်ဖိုးမြှင့် သနပ်ခါး ထုတ်ကုန်များ

ခင်ဦးစိုးဝေ၊ ဓာတ်ပုံ – ရွှေစင်





မြန်မာ့သနပ်ခါးသည် မြန်မာတစ်မျိုးသားလုံးက မြတ်နိုးတန်ဖိုးထားကြသည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်သည့်အပြင် အပူပိုင်းဒေသ၏ ရတနာတစ်ပါးလည်းဖြစ်သည်။ မြန်မာ့သနပ်ခါးသည် မြန်မာအမျိုးသမီးကလေးများ၏ အလှအပအတွက် မြတ်နိုးစွာလိမ်းခြယ်လေ့ရှိသကဲ့သို့ မြန်မာ့ရေမြေ ရာသီဥတုနှင့် လိုက်ဖက်သည့် ကျန်းမာရေးအထောက်အကူပစ္စည်းများ ဖြစ်သည်။

**မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာတစ်ခု**

နှစ်စဉ် တပို့တွဲလပြည့်နေ့တိုင်းတွင် ဗုဒ္ဓဘုရားရှင်ကို ရည်မှန်းကာ သနပ်ခါးအစရှိသော အမွှေးနံ့သာတို့ဖြင့် မြတ်စွာဘုရားရှင်ကိုရည်မှန်းကာ မီးပူဇော်လေ့ရှိသည့် ပွဲတော်မှာလည်း မြန်မာတို့၏ ရိုးရာဓလေ့မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာတစ်ခုဖြစ်သည်။ ရှေးအစဉ်အဆက်မှစ၍ သနပ်ခါးသားဖြင့် မီးပူဇော်ခဲ့သည်ကို အကြောင်းပြုကာ တပို့တွဲလပြည့်နေ့ကို "မြန်မာ့သနပ်ခါးနေ့" ဟူ၍လည်း မြန်မာနိုင်ငံ သနပ်ခါးအသင်းက ကြီးမှူးကာ သတ်မှတ်ထားကြောင်း လေ့လာသိရှိရသည်။

မြန်မာ့သနပ်ခါးကို ရှေးအခါကစပြီး ကလေးကအစ လူကြီးအဆုံး အရွယ်သုံးပါးစလုံးက သနပ်ခါးကို မြတ်နိုးစွာလိမ်းခြယ် အသုံးပြုခဲ့ကြသည့်အပြင် မိဘတို့သည် သနပ်ခါးအနှစ်ကို ကလေးငယ်များအတွက် ဆေးအဖြစ် တိုက်ကျွေးခဲ့ကြသည်။ ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ကလေးငယ်ကို အခိုးပွင့်စေခြင်း၊ အအေးပတ်ခြင်းကို ကင်းဝေးစေခြင်း၊ သွေးသားစင်ကြယ်မှုတို့ကို ဖြစ်စေနိုင်သည်ဟု ယုံကြည်ကြသည်။ ခန္ဓာကိုယ်ကို လိမ်းကျံခြင်းဖြင့် အသားအရေ ဝင်းဝါစိုပြည် လှပစေခြင်း၊ ခန္ဓာကိုယ် ယားယံမှုများလည်း ပျောက်စေခြင်းနှင့် သနပ်ခါး လိမ်းကျံထား သူသည် ဆောင်းရာသီတွင် နွေးစေပြီး နွေရာသီတွင် အေးမြစေမှုကို ရရှိခံစားရပေသည်။ ထို့အတူ သနပ်ခါး၏ ဆေးဖက်ဝင်မှုများကား အလွန်များပြား လှပါသည်။

**သနပ်ခါးမြို့တော် အရာတော်**

မြန်မာနိုင်ငံတွင် သနပ်ခါးအများဆုံး စိုက်ပျိုးသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့က "သနပ်ခါးမြို့တော် အရာတော်"ဟု ကမ္ပည်းတင် သတ်မှတ်ခဲ့သည်။ အရာတော်မြို့နယ်တွင် သနပ်ခါးစိုက်တောင်သူ များစွာရှိကြပြီး သဘာဝသနပ်ခါးကို အခြေခံပြီး ထုတ်လုပ်လျက်ရှိသော "ရွှေစင်" သဘာဝသနပ်ခါး တန်ဖိုးမြှင့်ထုတ်ကုန် လုပ်ငန်းမှ ထုတ်လုပ်လျက်ရှိသည့် ကျန်းမာရေးနှင့် လူသုံးကုန်ပစ္စည်းများနှင့် ပတ်သက်၍ သိရှိရသည်များကို ပြန်လည်မျှဝေ ဖော်ပြလိုပါသည်။



**၂၀၁၆ ခုနှစ်က လုပ်ငန်းစတင်**

ရွှေစင် သဘာဝသနပ်ခါး တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်းကို ၂၀၁၆ ခုနှစ်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးအတွက် အထောက်အကူပြု အညောင်းပြေ သနပ်ခါးမြစ် ရည်၊ ကျီးပေါင်း သက် သာ သနပ် ခါး မြစ်ပေါင်းခံရည်၊ သနပ်ခါးအလှဆီ၊ ဆေးမြစ်စုံ သနပ်ခါးခဲ၊ သနပ်ခါးရွက်နှင့် မြင်းခွာရွက် ကျန်းမာရေးလက်ဖက်ခြောက်၊ ဆီးချို သွေးချိုကျ သနပ်ခါးမြစ်အခေါက် ဆေးပြား၊ သနပ်ခါး မျက်နှာသစ်ဆပ်ပြာ၊ သနပ်ခါးလက်သွေးခဲ စသည်တို့ကို ရွှေစင်သဘာဝသနပ်ခါး တန်ဖိုးမြှင့်ထုတ်ကုန်များဟု မှတ်ပုံတင်ပြီး ဆန်းသစ်သော ထုပ်ပိုးမှုစနစ်များနှင့်အတူ စံချိန်စံညွှန်းမီ အရည်အသွေးပြည့် ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။ ထို့ပြင် သနပ်ခါး ဗုဒ္ဓရုပ်ပွားတော်၊ သနပ်ခါးပုတီး၊ သနပ်ခါး ပန်းအိုး ကလောင်ခွက်၊ သနပ်ခါး ပန်းချီကား၊ သနပ်ခါးဘီး၊ သနပ်ခါးလည်ဆွဲ၊ လက်ပတ်၊ သော့ချိတ် စသည့်ထုတ်ကုန်ပစ္စည်းများ အပါအဝင် တန်ဖိုးမြှင့်ထုတ်ကုန် အမျိုးအစား ၃၀ ကို ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ရွှေစင် သဘာဝသနပ်ခါးလုပ်ငန်းမှ ၂၀၁၉ ခုနှစ် ဇူလိုင်လက ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပသော နိုင်ငံတကာ သဘာဝထုတ်ကုန်များ ကုန်စည်ပြပွဲကို HELVETAS MYANMAR မှ ဦးဆောင်ကာ မြန်မာနိုင်ငံ သနပ်ခါးအသင်း ဗဟိုအလုပ်အမှုဆောင် ခုနစ်ဦးနှင့်အတူ သဘာဝသနပ်ခါး အမြစ်မှုန့်၊ အပွေးမှုန့် စသည့် သနပ်ခါးအမှုန့်များကို ပါဝင်ပြသခဲ့သည်။ ပြပွဲကာလအတွင်း မြန်မာ့ သနပ်ခါးအမှုန့်များကို ထိုင်းနိုင်ငံ SPA ဝန်ဆောင်မှုလုပ်ငန်းရှင်များက စိတ်ဝင်စားစွာဖြင့် ဝယ်ယူကြကြောင်း၊ သဘာဝသနပ်ခါးအမှုန့်ဖြင့် အသားအရေ ထိန်းသိမ်းခြင်း (Beauty SPA) များ ပြုလုပ်ကြကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံရှိ သုတေသီများက သနပ်ခါးအခေါက်တွင် ပါရှိသော ဓာတ်ပစ္စည်းများကို အသေးစိတ် လေ့လာခဲ့ကြရာ သနပ်ခါးတွင် အင်တီအောက်ဆီဒင့်(ခေါ်) ခန္ဓာကိုယ် အကျိုးပြု ဓာတ်တိုး ဆန့်ကျင်ပစ္စည်းတစ်မျိုး ပါရှိသည့်အပြင် အသားအရေ ရောင်ရမ်းခြင်းကို သက်သာစေသော ဓာတ်ပစ္စည်းများ၊ ဗက်တီးရီးယားများကို သေစေသော ဓာတ်များနှင့် အရေပြားအရောင်ကို အပြောင်းအလဲဖြစ်စေသော ဟော်မုန်း ထွက်ရှိမှုကို ဟန့်တားပေးနိုင်သည့် ဓာတ်ပစ္စည်းတွေလည်း သဘာဝ အလျောက်ပါရှိကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။

**ကျီးပေါင်းသက်သာ သနပ်ခါးမြစ် ပေါင်းခံရည်၊ သနပ်ခါး မျက်နှာသစ်ဆပ်ပြာ၊ သနပ်ခါးမြစ် အခေါက်မှုန့် ထုတ်ကုန်များမှာ လူကြိုက်များပြီး အရောင်းရဆုံးပစ္စည်းဖြစ်ပြီး မြန်မာမှုလက်ရာများ ပါဝင်သည့် သနပ်ခါး ဗုဒ္ဓရုပ်ပွားတော်၊ သနပ်ခါး ပန်းချီကား၊ သနပ်ခါးပန်းအိုး၊ ကလောင်ခွက်တို့ကို နိုင်ငံခြားသားများ အထူးကြိုက်နှစ်သက်**

**သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန်များ**

ယခင်က ရွှေစင်သဘာဝသနပ်ခါး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပြီး ယခုအခါ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ကောလင်းမြို့နှင့် ကသာမြို့များသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိသည်။ ကျီးပေါင်းသက်သာ သနပ်ခါးမြစ်ပေါင်းခံရည်၊ သနပ်ခါး မျက်နှာသစ်ဆပ်ပြာ၊ သနပ်ခါးမြစ် အခေါက်မှုန့် ထုတ်ကုန်များမှာ လူကြိုက်များပြီး အရောင်းရဆုံးပစ္စည်းဖြစ်ပြီး မြန်မာမှုလက်ရာများ ပါဝင်သည့် သနပ်ခါး ဗုဒ္ဓရုပ်ပွားတော်၊ သနပ်ခါး ပန်းချီကား၊ သနပ်ခါးပန်းအိုး၊ ကလောင်ခွက်တို့ကို နိုင်ငံခြားသားများ အထူးကြိုက်နှစ်သက်စွာ ဝယ်ယူကြကြောင်း သိရသည်။

သနပ်ခါး စိုက်ပျိုးထုတ်လုပ်သည့် မြန်မာနိုင်ငံတွင် သနပ်ခါး မစိုက်ပျိုးသည့် နိုင်ငံအချို့မှ သနပ်ခါးအမည်ခံပြီး သနပ်ခါးလုံးဝမပါသည့် သနပ်ခါးအလှကုန်များ နေရာဝင်ယူနေသည်ကို စိတ်မကောင်းဖြစ်ရကြောင်း သက်ဆိုင်ရာဌာနမှလည်း စိစစ်ပေးစေလိုကြောင်း၊ နိုင်ငံတော်မှလည်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးကူညီရာတွင် အမှန်တကယ် လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များကို စိစစ်ပြီး အကူအညီပေးစေလိုကြောင်း ရွှေစင်သဘာဝ သနပ်ခါး တန်ဖိုးမြှင့်ထုတ်ကုန် လုပ်ငန်းမှ တာဝန်ရှိသူက ပြောသည်။

အသေးစားလုပ်ငန်းများကို အားထားနေရသော မြန်မာနိုင်ငံသည် သနပ်ခါးကို အခြေခံသော အဆင့်မြင့်ကျန်းမာရေး၊ လူသုံးကုန်ပစ္စည်းများအား ပြည်တွင်းမှတစ်ဆင့် ပြည်ပအထိ ထုတ်လုပ်ဖြန့်ဖြူးခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်မည်ဖြစ်ကာ မြန်မာ့စီးပွားရေး တိုးတက်မြင့်မားရေးကို အထောက်အကူပြုနိုင်ပြီး ကမ္ဘာ့အလယ်တွင် မြန်မာတို့ ဂုဏ်ထည်ဝင့်ကြွားနိုင်စေရန် ဓာတုဆေးဝါးများဖြင့် ပြုပြင်ဖော်စပ်ထားသည့် အလှကုန်ပစ္စည်းများကို လိမ်းမည့်အစား ရှေးထုံးမပျက် မြန်မာ့ရိုးရာ သနပ်ခါးအေးအေးမွှေးမွှေးလေးကို လိမ်းခြယ်ပြီး အလှဆင်သင့်ကြောင်း ရေးသားတင်ပြအပ်ပါသည်။





အရာတော်မှ သနပ်ခါးတန်ဖိုးမြှင့် ထုတ်ကုန်များ။

# အာရှနှင့်ပစိဖိတ်ဒေသတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် သက်ရောက်နိုင်မှုအလားအလာများ

## စိုက်ပျိုးရေးသဘာဝအရင်းအမြစ်များလေ့လာရေးဌာနစု၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန

**နိဒါန်း**

စိုက်ပျိုးရေးလုပ်ငန်းသည်ရာသီဥတုပေါ်တွင် များစွာမူတည်နေပါသည်။ ကမ္ဘာတစ်ဝန်းတွင် အယ်လ်နီညိုဖြစ်စဉ်နှင့်အတူ ပေါ်ပေါက်လာသော ရာသီဥတုပြောင်းလဲမှုနှင့် အစွန်းရောက်မိုးလေဝသ ဖြစ်စဉ်များကြောင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင် ထိခိုက်မှုများစွာ ကြုံတွေ့ခဲ့ကြရသည်။ ၂၀၂၃ ခုနှစ်နှောင်းပိုင်းကာလများ၌ အယ်လ်နီညိုရာသီဥတုအခြေအနေ ပေါ်ပေါက်လာရန်ရှိကြောင်း၊ အယ်လ်နီညိုနှင့်အတူ အပူလှိုင်းများ၏ဒဏ်ကို ၂၀၂၄ ခုနှစ်တွင် မကြုံစဖူးပြင်းထန်စွာ ခံစားကြရဖွယ်ရှိကြောင်း ရာသီဥတုသိပ္ပံပညာရှင်များက သတိပေးထားသည်။

အယ်လ်နီညိုဆိုသည်မှာ ပုံမှန်ထက်ထူးကဲစွာပူနွေးလာသည့် အီကွေတာရပ်ဝန်း ပစိဖိတ်သမုဒ္ဒရာရှိ ပင်လယ်ရေပြင်အပူချိန်ကြောင့် သမုဒ္ဒရာရေစီးကြောင်းများ၊ ယင်းနှင့်ဆက်စပ်သော လေထုနှင့်ရေစီးကြောင်းများ ပြောင်းလဲကာ ပစိဖိတ်သမုဒ္ဒရာဝန်းကျင်ဒေသများအပြင် ယင်းဒေသများနှင့် ထိတွေ့ဆက်စပ်နေသောဒေသများ၏ မိုးလေဝသအခြေအနေကို သက်ရောက်သည့်ဖြစ်စဉ်ကို ခေါ်သည်။ ရာသီဥတုပုံစံပြောင်းလဲမှုဖြစ်စဉ် အယ်လ်နီညိုကြောင့် အာရှပစိဖိတ်ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းကို အကျိုးသက်ရောက်မှုဖြစ်စေနိုင်သည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါသည်။

သမိုင်းတစ်လျှောက်ကြုံတွေ့ခဲ့ကြရသည့် အယ်လ်နီညိုဖြစ်စဉ်များ၏ အကျိုးသက်ရောက်မှုများမှာ (၁) စားနပ်ရိက္ခာလုံခြုံစိတ်ချရမှု လျော့နည်းခြင်း၊ (၂) ရေရှားပါးမှုအခက်အခဲများကြုံတွေ့ရခြင်း၊ (၃) တောမီးလောင်ခြင်း၊ (၄)ပင်လယ်သမုဒ္ဒရာရေအပူချိန်ပြောင်းလဲခြင်း၊(၅) တုပ်ကွေးနှင့်ငှက်ဖျားရောဂါထူပြောခြင်းတို့ ဖြစ်ပါသည်။

**အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ခန့်မှန်း ထုတ်ပြန်ခဲ့သည့် အဖွဲ့အစည်းများ**

၂၀၂၃-၂၀၂၄ ခုနှစ်တွင် အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရမည်ဟု အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာ ကွပ်ကဲရေးအဖွဲ့အစည်း (The National Oceanic and Atmospheric Administration:NOAA)၊ ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း (The World Meteorological Orga-nization:WMO)၊ အပြည်ပြည်ဆိုင်ရာရာသီဥတုနှင့် လူထုဆိုင်ရာ သုတေသနဌာန (International Research Institute for Climate and Society: IRI)နှင့် ဩစတြေးလျမိုးလေဝသဌာန(The Australia Bureau of Meteorology: BOM) တို့မှ မိုးလေဝသပညာရှင်များက ထုတ်ပြန်ခဲ့သည်။


**အယ်လ်နီညိုဖြစ်စဉ်နှင့် အကျိုးသက်ရောက်နိုင်မှုအခြေအနေ ခန့်မှန်းချက်**

၂၀၂၃ ခုနှစ်တွင် အစွန်းရောက်ရာသီဥတုဖြစ်စဉ် အယ်လ်နီညိုကြောင့် အာရှနှင့်ပစိဖိတ်ဒေသအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေများမှာ (၁)မိုးသည်းထန်ခြင်းနှင့် ရေကြီးခြင်း၊ (၂)ပူပြင်းခြောက်သွေ့ခြင်းနှင့် မိုးရွာသွန်းမှုနည်းပါးခြင်း၊ (၃)လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းနှင့် ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းများ ဖြစ်ပေါ်ခြင်းတို့ဖြစ်ပါသည်။

**အိန္ဒိယသမုဒ္ဒရာအတွင်း ရာသီဥတုအခြေအနေ (Indian Ocean Dipole: IOD)**

အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းနှင့်အနောက်ပိုင်း ပင်လယ်ရေမျက်နှာပြင် အပူချိန်ကွာခြားချက်နှင့် အယ်လ်နီညိုဖြစ်စဉ် ဆက်စပ်လျက်ရှိရာ အပူချိန်ကွာဟမှုများလျှင် (အပေါင်း တန်ဖိုးဆောင်နေလျှင်) အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ကွာဟချက်နည်းလျှင် (အနုတ်တန်ဖိုးဆောင်နေလျှင်) လာနီညာအခြေအနေသို့ ရောက်ရှိနိုင်ပါသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လကုန်တွင် အိန္ဒိယသမုဒ္ဒရာတွင်း အစွန်းနှစ်ဖက်၏ အပူချိန်ကွာဟချက်မှာ သာမန်ကြားနေအခြေအနေတွင်ရှိနေပြီး မိုးလေဝသမော်ဒယ်များ၏ ခန့်မှန်းချက်အရ လာမည့်လများတွင် အပေါင်းသဘောဆောင်သည့် အခြေအနေသို့ ဦးတည်နေပါသည်။ အင်ဒိုပစိဖိတ်ဒေသအတွင်း ၂၀၂၃ ခုနှစ် မိုးနှောင်းရာသီနှင့် ၂၀၂၄ ခုနှစ် နွေရာသီတွင် မိုးရရှိမှုလျော့နည်းနိုင်ဖွယ်ရှိပါသည်။ ထိုဥတုအခြေအနေနှင့် အယ်လ်နီညိုဖြစ်စဉ်တို့ကြောင့် ပူပြင်းခြောက်သွေ့မှု ပြင်းထန်စွာ ဖြစ်ပေါ်နိုင်ပါသည် (ပုံ-၁)။




ပုံ(၁)၂၀၂၃ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများအတွင်း ကမ္ဘာတစ်ဝန်း မိုးရွာသွန်းမှု အခြေအနေခန့်မှန်းချက်မြေပုံ (သတင်းရင်းမြစ်- အပြည်ပြည်ဆိုင်ရာ ရာသီဥတုနှင့်လူထုဆိုင်ရာသုတေသနဌာန(IRI))

**အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်မည့် အခြေအနေခန့်မှန်းချက်**

၂၀၁၅-၂၀၁၆ ခုနှစ် အယ်လ်နီညိုဖြစ်စဉ်သည် ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြင်းထန်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကာ ၂၀၁၆ ခုနှစ် မေလတွင် အဆုံးသတ်ခဲ့ပါသည်။ စုစုပေါင်းကြာချိန် ၁၉ လ ရှိခဲ့ပြီး ယခင်ဖြစ်ပေါ်ခဲ့သော ၁၉၉၇-၁၉၉၈ ခုနှစ် အခြေအနေထက် ခြောက်လပိုမိုကြာရှည်ခဲ့ပြီး သမိုင်းတစ်လျှောက် အပြင်းထန်ဆုံး ဖြစ်စဉ်အဖြစ် စံချိန်တင်ခဲ့သည်။ ယခုနှစ် ၂၀၂၃-၂၀၂၄ တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် အောက်ပါအဆင့်များအတိုင်း ဖြစ်ပေါ်ဖွယ်ရာ ရှိပါသည်။

**(၁) ၂၀၂၃ ခုနှစ် မတ်လမှ ဩဂုတ်လအတွင်း အစပျိုးအဆင့်မှ အားကောင်းသောအဆင့်**

အီကွေတာရပ်ဝန်း ပစိဖိတ်ဒေသတွင် မတ်လမှ ဩဂုတ်လအတွင်း စတင်အစပျိုး အားကောင်းလာလေ့ရှိပြီး ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် ပုံမှန်ထက်ပို၍ မြင့်တက်လာသည်။

**(၂) ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း အားအကောင်းဆုံး အဆင့်**

ဤအဆင့်ကို နှစ်ကုန်ပိုင်း စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း တွေ့ရလေ့ရှိပြီး အီကွေတာရပ်ဝန်းပစိဖိတ်ဒေသတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် အမြင့်ဆုံးသို့ ရောက်ရှိလေ့ရှိသည်။

**(၃) ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း အကျိုးသက်ရောက်မှု အဆင့်**

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အာရှပစိဖိတ်ဒေသအတွင်း အကျိုးသက်ရောက်မှုများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ပိုမိုသိသာစွာခံစားရမည်ဖြစ်ပါသည်။ သက်ရောက်မှု ကာလကြာချိန်နှင့် ပြင်းထန်မှုအခြေအနေမှာ ဒေသတစ်ခုနှင့်တစ်ခု ကွာခြားနိုင်ပါသည်။

**အထူးသတိပြုရမည့်နိုင်ငံများ**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများအတွက် ဦးစားပေး စောင့်ကြည့်ရမည့် အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုပြင်းထန်နိုင်ဖွယ်ရှိသော နိုင်ငံများကိုဖော်ပြရာတွင်

**(က) ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ** ပူပြင်းခြောက်သွေ့မှုဒဏ်ကို အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အရှေ့တီမောနိုင်ငံ၊ မာရှယ်ကျွန်းစု၊ ဆာမိုအာနိုင်ငံ၊ ပလာအူနိုင်ငံ၊ တွန်ဂါနိုင်ငံ၊ ဗာနူအာတူနိုင်ငံတို့က ခံစားရမည်ဖြစ်ပြီး စွတ်စိုသောရာသီဥတုအခြေအနေကို တူဗာလူနိုင်ငံနှင့် ခရီဘာတီနိုင်ငံတို့က ကြုံတွေ့ရနိုင်ပါသည်။

**(ခ) ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ** ဖိလစ်ပိုင်နိုင်ငံ၊ မြန်မာနိုင်ငံ၊ ပါပူအားနယူးဂီနီနိုင်ငံတို့တွင် ပူပြင်းခြောက်သွေ့မှုဒဏ်ကိုခံရနိုင်ပြီး သီရိလင်္ကာနိုင်ငံတွင် မိုးများပြီး စိုစွတ်သော ရာသီဥတု ဖြစ်ပေါ်နိုင်ပါသည်။ ယခုထုတ်ပြန်ချက်တွင် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ခန့်မှန်းချက်များမှာ လဝေးခန့်မှန်းချက်များ ဖြစ်သောကြောင့် နိုင်ငံအလိုက် တရားဝင်မိုးလေဝသ ကြေညာချက်များကို စောင့်ကြည့်လေ့လာပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရန် ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းမှ နှိုးဆော်ထားပါသည်။

**အာရှနှင့်ပစိဖိတ်ဒေသအတွင်း ရာသီအလိုက် ဖြစ်ပေါ်နိုင်သည့် ပူပြင်းခြောက်သွေ့မှုနှင့် စိုစွတ်မှုအခြေအနေ ခန့်မှန်းချက်များ**

**(က) ၂၀၂၃ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ**

ယခုလက်ရှိကာလတွင် အင်ဒိုနီးရှားနှင့် အရှေ့တီမောနိုင်ငံများ၌ မိုးရွာသွန်းမှုအခြေအနေမှာ ရွာသွန်းမြဲအောက်ရောက်ရှိနေပြီး ခြောက်သွေ့ ရာသီဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။ ပစိဖိတ်ကျွန်းနိုင်ငံများတွင် မိုးရွာသွန်းမှုမှာ အချို့ဒေသများ၌ ပုံမှန်အထက် ရွာသွန်းနိုင်ပြီး အချို့ဒေသများမှာ ပုံမှန်အောက်ရွာသွန်းဖွယ်ရာ တွေ့မြင်ရပါသည်။ ဗီယက်နမ်နိုင်ငံတောင်ပိုင်းတွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်သည်ဟု ခန့်မှန်းရပါသည်။

**(ခ) ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ**

အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတောင်ပိုင်းတို့တွင် အပူချိန်မြင့်တက်မှု ပြင်းထန်နိုင်ပြီး ပါပူးအားနယူးဂီနီနိုင်ငံ၊ ဖီဂျီနှင့် ဗာနူအာတူနိုင်ငံများတွင် *စာမျက်နှာ ၁၇ သို့*

> **“၂၀၂၃ ခုနှစ်တွင် အစွန်းရောက်ရာသီဥတုဖြစ်စဉ် အယ်လ်နီညိုကြောင့် အာရှနှင့် ပစိဖိတ်ဒေသအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေများမှာ (၁) မိုးသည်းထန်ခြင်းနှင့် ရေကြီးခြင်း၊ (၂) ပူပြင်းခြောက်သွေ့ခြင်းနှင့် မိုးရွာသွန်းမှုနည်းပါးခြင်း၊ (၃) လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းနှင့် ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းများ ဖြစ်ပေါ်ခြင်းတို့ ဖြစ်ပါသည်”**

*စာမျက်နှာ ၁၆ မှ*

မိုးရွာသွန်းမှုလျော့နည်းမည့် အလားအလာ ရှိပါသည်။ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံများတွင် ပုံမှန်ရွာသွန်းမြဲထက် မိုးပိုမိုရရှိနိုင်ပါသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ အယ်လ်နီညိုနှင့် အာရှပစိဖိတ်ဒေသစိုက်ပျိုးရေးအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေ ခန့်မှန်းချက်ကို ပူးတွဲပါဇယားအတိုင်း ထုတ်ပြန်ထားပါသည်။

**အယ်လ်နီညို၏ စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက်တွင် အကျိုးသက်ရောက်နိုင်မှု**

ကမ္ဘာ့စပါးထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းနှင့် ဆန်တင်ပို့မှု၏ ၈၀ ရာခိုင်နှုန်းရှိသည့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရသောနှစ်များတွင် မိုးရွာသွန်းမှုနည်းပါးပြီး စပါးအထွက်နှုန်း ၄ မှ ၁၁ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်အားကောင်းလာသော အယ်လ်နီညိုဖြစ်စဉ်၏ ပူပြင်းခြောက်သွေ့မှုဒဏ်ကြောင့် အရှေ့တောင်အာရှဒေသတွင်း စပါးထုတ်လုပ်မှု လျော့ကျနိုင်ဖွယ်ရှိပြီး ဆန်ဈေးနှုန်း တက်နိုင်ဖွယ်ရှိပါသည်။ ထို့ကြောင့် ဒေသတွင်းစားသုံးသူများအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု နောက်ဆုံးထုတ် စားနပ်ရိက္ခာဖူလုံမှုအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော သုတေသနအရ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့ ပျမ်းမျှစပါးအထွက်နှုန်းမှာ ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းနိုင်ပြီး စပါးစိုက်ပျိုးရိတ်သိမ်းမှုဧရိယာ၏ ၁၃ ဒသမ ၄ ရာခိုင်နှုန်းလည်း ထိခိုက်ပျက်စီးနိုင်သည်ဟုခန့်မှန်းရပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့က ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်ဟု သုတေသနက ဖော်ပြထားပါသည်။ ထို့အတူ ဂျုံနှင့်ပြောင်းဖူးစိုက်ဧရိယာများ၏ ၁၂ ရာခိုင်နှုန်းခန့်မှာ ဆိုးကျိုးခံစားရနိုင်ပြီး ပဲပုပ်စိုက်ဧရိယာမှာ ၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်နိုင်သည့်အပြင် ကမ္ဘာ့ပျမ်းမျှ ဂျုံနှင့်ပြောင်းအထွက်နှုန်းမှာ ၁ ဒသမ ၃၂ နှင့် ၀ ဒသမ ၃၇ ရာခိုင်နှုန်းကျဆင်းနိုင်ပြီး ပဲပုပ်အထွက်နှုန်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်းတိုးနိုင်သည်ဟု သုံးသပ်ထားပါသည်။ အာဂျင်တီးနားနှင့် အမေရိကန်နိုင်ငံတို့တွင် ရွာသွန်းမြဲမိုးရေချိန်ထက် ပိုမိုရရှိနိုင်သောကြောင့် သီးနှံထုတ်လုပ်မှု ကောင်းမွန်ပြီး ပဲပုပ်၊ ဂျုံနှင့် ပြောင်းအထွက်နှုန်း တိုးနိုင်သည်ဟု မျှော်လင့်ရပါသည်။


ဩစတြေးလျ၊ ဘရာဇီး၊ အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသများတွင်လည်း အယ်လ်နီညိုဖြစ်စဉ်နှင့်အတူ ပူပြင်းခြောက်သွေ့သော ရာသီဥတုနှင့် ကြုံတွေ့နိုင်သောကြောင့် နှံစားသီးနှံနှင့် ဆီထွက်သီးနှံများ ဖြစ်ထွန်းအောင်မြင်နိုင်ခြေနည်းပြီး အထွက်နှုန်းလျော့နည်းဖွယ် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှု၏ ၈၅ ရာခိုင်နှုန်းရှိသော အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် အယ်လ်နီညို၏ သက်ရောက်မှုများကြောင့် မိုးရွာသွန်းမှု လျော့နည်းနိုင်ပြီး မလေးရှားနိုင်ငံ၏ ဆီအုန်းထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်သည်ဟု စိုက်ပျိုးရေး ဈေးကွက်သတင်းများက ဖော်ပြထားပါသည်။ ယခင်နှစ် ၂၀၂၂ တွင် ပြည်ပဈေးကွက်များသို့ ပို့ကုန်တင်ပို့မှု ကန့်သတ်ချက်များကြောင့် စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ရသကဲ့သို့ ယခု ၂၀၂၃ ခုနှစ်တွင်လည်း စားသောက်ကုန်ဈေးနှုန်း ၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်နိုင်ပြီး စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုဆိုင်ရာကန့်သတ်မှုများ ပေါ်ပေါက်လာနိုင်သည်ဟု သုတေသီများက သုံးသပ်ထားကြပါသည်။


**ကြိုတင်လက်ဦးမှုရယူဆောင်ရွက်သင့်သည့် အချက်များ**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ စံနှုန်းသတ်မှတ်ချက်များအရ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော မိုးခေါင်မှု၊ ရေကြီးမှုစသည့် သဘာဝဘေးအန္တရာယ်များကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်ခံစားရမှုများကို လျော့ပါးသက်သာစေရန်နှင့် ပြည်သူများအား ကာကွယ်ရန်အတွက် ကြိုတင်ပြင်ဆင်သင့်သည့်အချက်များမှာ–

**(၁) မိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းပြဿနာများအတွက်** စိုက်ပျိုးရာသီမတိုင်မီ လယ်ယာသုံးစက်ကိရိယာများ၊ မျိုးစေ့များ၊ စိုက်ပျိုးရေးသွင်းအားစုများနှင့် ရေငတ်ဒဏ်ခံသီးနှံမျိုးစေ့များကို ကြိုတင်ဖြန့်ဝေခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဆေးဝါးအထောက်အပံ့များနှင့် အစားအစာရိက္ခာများ ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးရေအလုံအလောက်ရရှိနိုင်ရန် ရေတွင်းရေကန်များနှင့် ဆည်များတွင် ရေသိုလှောင်ခြင်း၊ ရေငွေ့ပျံမှုနည်းစေရန် အဖုံးပိတ်ခြင်း၊ တောင်သူများအား မိုးရေစုဆောင်းခြင်းနည်းစနစ်များ၊ ရေချွေတာသုံးစွဲသည့်နည်းလမ်းများအသုံးပြုနိုင်ရန် အကူအညီပေးခြင်း၊ ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံ၊ သီးနှံမျိုးများ ရွေးချယ်စိုက်ပျိုးခြင်း၊ ရာသီဥတုအပြင်းထန်ဆုံး အချိန်နှင့် သီးနှံများ၏ ခံနိုင်ရည်မဲ့သောအဆင့်ကို ရှောင်လွှဲရန် စိုက်ချိန်ကိုထိန်းညှိခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ

ဇယား(၁) အယ်လ်နီညိုနှင့် အာရှပစိဖိတ်ဒေသ စိုက်ပျိုးရေးအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေ ခန့်မှန်းချက်





လေလွင့်ဆုံးရှုံးမှုနည်းစေမည့်နည်းလမ်းများနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို စိုက်ပျိုးသူများ ထိရောက်စွာအသုံးချနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ သက်လျင်သီးနှံများ စိုက်ပျိုးခြင်း၊ ရေသွင်းကိရိယာများ ဖြန့်ဝေပေးခြင်း၊ မြေဆီလွှာအစိုဓာတ် ထိန်းသိမ်းနိုင်ပြီး ရေငွေ့ပျံမှုကိုလျှော့ချနိုင်မည့် မြေလွှာဖုံးနည်းစနစ်များ၊ သဘာဝမြေဆွေးများ အသုံးပြုခြင်းတို့ ဆောင်ရွက်ရပါမည်။

**(၂) မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း၊ ရေလွှမ်းခြင်းပြဿနာများအတွက်** လယ်ယာသုံးစက်ကိရိယာများ၊ မျိုးစေ့များ၊ စိုက်ပျိုးရေးသွင်းအားစုများလုံခြုံစွာ သိမ်းဆည်းနိုင်ရန် ရေလုံသိုလှောင်ပစ္စည်းများဖြန့်ဝေခြင်း၊ တိရစ္ဆာန်များ ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းထားနိုင်ရန် နေရာများစီစဉ်ထားခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ကာကွယ်ဆေးများ၊ ဆေးဝါးအထောက်အပံ့များနှင့် အစားအစာရိက္ခာများ ဖြန့်ဝေပေးခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ရေကြီးမှုနှင့် ဆိုင်ကလုန်းမုန်တိုင်းမဖြစ်ပွားမီ ကြိုတင်ခန့်မှန်းချက်များ ထုတ်ပြန်သည်နှင့် တစ်ပြိုင်တည်း သီးနှံများအချိန်မီ ရိတ်သိမ်းနိုင်ရေးနှင့် အမိုးအကာအောက် လုံခြုံစွာ သိမ်းဆည်းနိုင်ရေး ကြိုတင်ပြင်ဆင်ထားခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

**(၃) သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရန် အရေးကြီးလုပ်ငန်းစဉ်များမှာ** ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ရာသီဥတုဆိုင်ရာသတိပေးချက်များနှင့် သတင်းအချက်အလက်များကို ပြည်သူများ လက်လှမ်းမီသိရှိနိုင်ရန် ဆောင်ရွက်ခြင်း၊ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ လူထုပူးပေါင်းပါဝင်သော သဘာဝဘေးတုံ့ပြန်ရေး၊ ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စနစ်တကျစီမံခန့်ခွဲ ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ဆောင်ရွက်မှုနှင့် အဆင်သင့်ဖြစ်စေမှုတို့ကို လက်ဦးမှုရယူဆောင်ရွက်နိုင်ခြင်းတို့လည်း လိုအပ်ပါသည်။

**နိဂုံး**

စိုက်ပျိုးရေးကဏ္ဍတွင် အယ်လ်နီညို၏ သက်ရောက်မှုများမှာ ဆက်စပ်လုပ်ကိုင်နေသော ကွင်းဆက်တစ်လျှောက်လုံးရှိ လုပ်ငန်းများသာမက နိုင်ငံသားများ၏ လူမှုစီးပွားဘဝများနှင့်ပါ သက်ဆိုင်နေပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် နှစ်ဦးမှစ၍ အပူချိန်မြင့်တက်ခြင်း၊ မုတ်သုံဝင်ရောက်မှုနောက်ကျခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ မိုးဦးကာလမိုးရရှိမှုနည်းခြင်း စသည့်လက္ခဏာများ ကြုံတွေ့နေရပြီးဖြစ်သည်။ မိုးနှောင်းပိုင်းနှင့် နွေရာသီကာလများတွင် ရေခန်းခြောက်ခြင်း၊ အပူချိန်မြင့်ခြင်း၊ ခြောက်သွေ့ခြင်းတို့ကြောင့် မိုးနှောင်းသီးနှံများနှင့် နွေစပါးစိုက်ပျိုးမှုတို့တွင် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရန်နှင့် နောက်ဆက်တွဲ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးပြဿနာများကို လျော့ပါးစေရန် ဝိုင်းဝန်းကြိုးပမ်း ကြိုတင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**

Cao, J., Zhang, Z., Tao, F., Chen, Y., Luo, X., & Xie, J. (2023). Forecasting global crop yields based on El Nino Southern Oscillation early signals. Agricultural Systems, 205, 103564.

Food and Agriculture Organization of the United Nations (2023), Asia and the Pacific: El Nino Humanitarian Snapshot, as of 20 July 2023

Mamun Abdullah and Joseph Glauber (2023), Rice markets in South and Southeast Asia face stresses from El Nino, export restrictions. Page: International Food Policy Research Institute

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၃

၁။ ဦးညွန့်ဝေ နှင့် ဦးဝင်းမောင်
၂။ ဒေါ်မြင့်ကြည်

**တရားလိုများ** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာ ရပ်ကွက်၊ ၅၇လမ်း၊ နှင်းဆီလမ်းနှင့်ပိတောက်လမ်းကြားနေ (အဖ) ဦးလှရွှေ၏ သားဖြစ်သူ ဦးဝင်းမောင် LSO ၁၁၀၇၄၆ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးညွန့်ဝေနှင့် ဒေါ်မြင့်ကြည်တို့က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၁)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ဒသမ၀၃၁)ကေ အကျယ်အဝန်းရှိ ဦးဝင်းမောင် အမည်ပေါက် ဂရန်မြေ ကွက်အတွင်းမှ အရှေ့ဘက်ခြမ်းဧရိယာ(၀ဒသမ၀၁၅၅) ကေအကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ရက် (၁၃၈၅ခုနှစ်၊ တော်သလင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် စက်တင်ဘာလ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၁၀)၊သီရိပဒေသာယာဉ်ရပ်နားစခန်း၊(၂) ထပ် လူနေပွဲရုံ တိုက်ခန်းအမှတ်A-10(ခ)အား လက်ရှိအမည်ပေါက် ပိုင်ဆိုင်သူ ဦးသန်းမြင့် ၉/ အမရ(နိုင်)၀၇၂၆၀၉ ထံမှ ဒေါ်ခင်ခင်နိုင် ၁/ မကန(နိုင်)၁၂၈၉၈၃ သည် ၇-၃-၂၀၂၃ရက်တွင် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲလျှောက်ထားတင်ပြလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမည် | တိုက်ခန်းအမှတ် |
|---|---|---|
| - | ဒေါ်ခင်ခင်နိုင်၁/မကန(နိုင်)၁၂၈၉၈၃ | A-10(ခ) |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလ ကျော်လွန်ပါက ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်၊**
**စည်ပင်သာယာရေးအဖွဲ့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/8343 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**




## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၅၈၄၊ ဧရိယာ ၀ဒသမ၀၈၂ ကေရှိ ဦးဉာဏ်လင်းအောင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်ဝင်းဆွေ၊ ဒေါ်ခင်ခင်ဝင်း (ဘ)ဦးအောင်ခင်၊ ဦးစိုးဝင်း ၁၂/ကမတ(နိုင်)၀၂၃၂၉၄၊ ၉/ပမန(နိုင်) ၁၂၀၂၀၂ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၃/ထန်းတော)၊ ဦးပိုင်အမှတ်F-47/188၊ ဧရိယာ ၀ဒသမ ၀၂၈ ကေရှိ မြေအား ဒေါ်တင်မာရီ အမည်ဖြင့်မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ကန်သာဦးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၈/ကန်သာဦး)၊ ဦးပိုင်အမှတ် ၉၉-က၊ ဧရိယာ ၀.၀၈၉ ကေရှိ မြေအား ဦးမင်းပိုင်ထူး-ဒေါ်အိအိအောင်အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇/သာဇီအရှေ့၊ ဦးပိုင်အမှတ်(၈ᵉ)၊ ဧရိယာ(၀ဒသမ၀၇၀)ကေရှိ ဦးစိုးမြင့် (ခ) ကောင်ရီဖာ ၉/ပမန(ဧည့်) ၀၀၀၀၂၁ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူ မှဘိုးဘပိုင်မြေ အမည်ပေါက်ပြောင်းလဲသတ်မှတ်ပေးခြင်းစာအမှတ်၊ ၀၃၂/၁၈-၁/နပတ(မြို့/မြေ)၊ ကျမ်းကျန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးသန့်ဇင် ၉/ပမန(ဧည့်) ၀၀၀၁၅၀ နှင့်မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/63126, Wangiang 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရွှေလင်း ၉/ပကခ(နိုင်) ၀၆၀၂၀၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

**၂၆ - ၉ - ၂၀၂၃**

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၇၅ ကျပ် | ၂၆၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၅၀ ကျပ် | ၂၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၅၅ ကျပ် | ၂၃၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၅ ကျပ် | ၂၄၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



မြစ်ကြီးနားမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် မြို့နယ်လျှပ်စစ်ရုံးမှ အာမခံအလုပ်သမား လျှပ်စစ်ကျွမ်းကျင်(၂) ဦးမြင့်ဦး၏ အလုပ်တွင် ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို စက်တင်ဘာ ၂၆ ရက်က ပြည်နယ်လျှပ်စစ်ရုံး၌ ပြည်နယ်လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒေါ်မြတ်မွန်မိုးက အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၁၀၈ သိန်းကို ဇနီးဖြစ်သူထံသို့ ထောက်ပံ့ပေးအပ်စဉ်။ ဝေယံလင်း(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၉၀၀ | ၅၄၉ | ၄၉၀၁၆၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၁၇၇ | ၅၄၈၇၀၀ |
| MCB | ၇၄၀၀ | ၇၄၀၀ | ၁၃ | ၉၆၂၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၉၉ | ၃၃၈၃၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၂၅၀ | ၂၂၅၀ | ၁၀ | ၂၂၅၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂ | ၉၈၀၀ |
| MAEPC | ၁၇၀၀ | ၁၇၅၀ | ၃၉၁ | ၆၇၄၂၅၀ |

ညီညီ - စုစည်းသည်

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများအနေဖြင့် ဆေးကုသမှုခံယူသူများထံမှ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းထပ်ဆောင်း ကောက်ခံခြင်းအား ဆောင်ရွက်ခြင်းမပြုကြပါရန် အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်အား (၁-၉-၂၀၂၃) ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့်တာဝန်များနှင့် အခွန်နုတ်ယူခြင်းခံရမည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ဆောင်ရွက်ရမည့်တာဝန်များကို** (၃၀-၈-၂၀၂၃)၊ (၃၁-၈-၂၀၂၃)၊ (၁-၉-၂၀၂၃)၊ (၂-၉-၂၀၂၃) နှင့် (၃-၉-၂၀၂၃) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများနှင့် ဌာန၏ Website များတွင် ကြိုတင်အသိပေးကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် အချို့သောပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံပေးချေမည့်ပေးချေငွေအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း နုတ်ယူရမည့်အစား ဆေးကုသမှုခံယူသူထံမှ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ထပ်ဆောင်းကောက်ခံသည့် နည်းလမ်းအမှားကို ဆောင်ရွက်နေကြကြောင်း သိရှိရပါသည်။

၃။ ပြည်တွင်းအခွန်များဦးစီးဌာနကဆောင်ရွက်သည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်သည် **ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများ၏ ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ကောက်ခံသည့် အစီအစဉ်သာ** ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန် တာဝန်ရှိသူများအနေဖြင့် ဆေးကုသမှုခံယူသူများထံမှ ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ထပ်ဆောင်းကောက်ခံခြင်းအား လုံးဝ(လုံးဝ) ဆောင်ရွက်ခြင်းမပြုကြပါရန် အသိပေးအပ်ပါသည်။ ထို့ပြင်ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားဖြစ်သဖြင့် ဆေးကုသမှုခံယူသူများထံမှ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံပေးသွင်းရန် မလိုအပ်ကြောင်းကိုလည်း အသိပေးအပ်ပါသည်။

၅။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတည်ထောင်ထားသူများအနေဖြင့်လည်း မိမိလုပ်ငန်းမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများက အခွန်နုတ်ယူပေးသွင်းသည့်လုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ရှမ်းပြည်နယ်၊ ကလောမြို့နယ်
## မြို့နယ်သမဝါယမအသင်းစု(လီမိတက်)၊ အောင်ပန်းမြို့
## လေလံလျှော်က်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစု(လီမိတက်) ၏ အသင်းပိုင် နှစ်(၃၀) မြေငှားဂရန်ရှိ အောင်ပန်းမြို့၊ လက်မပင်ရပ်ကွက်၊ ဆရာစံလမ်းနှင့် ဆရာခေါင်း လမ်းထောင့် ဦးပိုင်အမှတ်(၂) မြေကွက်အမှတ်(၆) မြေဧရိယာ ၀ ဒသမ ၆၀၆ ဧကအနက်မှ မြေဧရိယာ ၀ ဒသမ ၄၃၉ ဧကကို ခွဲစိတ်ပြီး ယင်းခွဲစိတ်မြေပေါ်ရှိ သွပ်မိုး၊ သစ်ကာ၊ သစ်ခင်း၊ ပျဉ်ထောင်(၂)ထပ် အိမ်ပေါ် အဆောက်အအုံ (၅၂' x ၅၂' x ၁၉')၊ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း၊ နံကပ်(၁)ထပ် ဂိုဒေါင်အဆောက်အအုံ(၁၀၀' x ၃၆' x ၁၂')၊ သွပ်မိုး၊ အုတ်ကာ၊ အထပ်သားခင်း၊ နံကပ်(၂)ထပ် အသင်းစုရုံး အဆောက်အအုံ(၆၀' x ၂၀' x ၂၀')၊ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း၊ နံကပ် (၁)ထပ် ဝန်ထမ်း အဆောက်အအုံ (၄၀' x ၂၀' x ၁၂') အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| **လေလံလျှော်က်လွှာ ရောင်းချမည့်ရက်** | - | ၂၆-၉-၂၀၂၃ ရက်မှ ၉-၁၀-၂၀၂၃ ရက်ထိ (ရုံးချိန်အတွင်း) |
| **လေလံလျှော်က်လွှာ ပိတ်သိမ်းမည့်ရက်** | - | ၉-၁၀-၂၀၂၃ ရက် (၁၆:၀၀)နာရီ |
| **လေလံလျှော်က်လွှာ ရောင်းချမည့်နေရာ** | - | မြို့နယ်သမဝါယမအသင်းစုရုံး၊ လက်မပင်ရပ်ကွက်၊ ဆရာစံလမ်း၊ အောင်ပန်းမြို့ |

၂။ လေလံဝင်ရောက်ယှဉ်ပြိုင်သူများသည် အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းကို သက်သာရာလေလံတင်ထုခွဲရောင်းချရေးအဖွဲ့ထံသို့ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာ လျှော်က်လွှာများကို အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထား မိတ္တူနှင့်အတူ လေလံလျှော်က်လွှာပိတ်သိမ်းမည့်ရက် ၉-၁၀-၂၀၂၃ ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ကလောမြို့နယ်သမဝါယမအသင်းစုရုံး၊ အောင်ပန်းမြို့သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ လျှော်က်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၃။ လေလံလျှော်က်လွှာပိတ်သိမ်းပြီးသည့်နောက်ရက် ၁၀-၁၀-၂၀၂၃ ရက် ၁၀:၃၀ နာရီတွင် မြို့နယ်သမဝါယမအသင်းစုရုံး၊ အောင်ပန်းမြို့၌ လေလံဖွင့်လှစ် ရောင်းချခြင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

ဖုန်း-၀၉-၅၂၆၁၄၇၃၊ ၀၉-၄၁၀၀၈၇၇၄၊ ၀၉-၂၅၄၆၀၁၄၉၆

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း(SMVTI)
## အပတ်စဉ်(၁၀) Engineering & Technology ဝင်ခွင့်အောင်မြင်ခဲ့သူများအား ကျောင်းအပ်လက်ခံခြင်းနှင့် သင်တန်းသားသစ်များခေါ်ယူခြင်း

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ်နှင့် အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်သည်။
(၂) သင်တန်းကာလ(၆)လကို ပြီးဆုံးသည့်အထိတက်ရောက်ရမည်ဖြစ်ပြီး၊ အောင်မြင်ပါကသင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိပါမည်။
(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးပါမည်။
(၄) Engineering & Technology ဘာသာရပ်များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်သောသင်တန်းသား၊ သင်တန်းသူများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။
(၅) နည်းပညာနှင့်သက်မွေးပညာ လုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သင်တန်းပြီးဆုံးပါက သက်ဆိုင်သော လုပ်ငန်းခွင်သို့ဝင်နိုင်မည့် သင်တန်းသား/သူများကို ဦးစားပေးပါမည်။
(၆) လျှောက်ထားရာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း အောင်လက်မှတ်မူရင်း/မိတ္တူ၊ အမှတ်စာရင်းမူရင်း/မိတ္တူ၊ ပတ်(စ်)ပို့ဓာတ်ပုံ(၁)ပုံ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်းတို့နှင့် အတူ ပူးတွဲလျှောက်ထားရမည် ဖြစ်ပါသည်။
(၇) လျှောက်ထားသူများ Interview ဖြေဆိုရပါမည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ(၁၈)ရက်တွင် ဝင်ခွင့်အောင်မြင်ခဲ့ပြီးသော သင်တန်းသား၊ သင်တန်းသူများ Interview ထပ်မံဖြေဆိုရန် မလိုအပ်ပါ။

**ဖွင့်လှစ်မည့်သင်တန်းများ။ Courses for Engineering & Technology**

(၁) Electrical Technology
(၂) Electronics
(၃) Residential Air-Conditioning
(၄) Mechatronics (Basic Servicing)
(၅) General Welding

**သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်
**သင်တန်းနေရာ** - စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း၊ အမှတ်၊ ၁၂၃၊ နတ်မောက်လမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
**ဆက်သွယ်စုံစမ်းရန်ဖုန်း** - ၀၉-၇၈၁၀၀၂၅၇၂

[လျှောက်ထားခြင်းကို (၂-၁၀-၂၀၂၃) ရက်မှ (၃၁-၁၀-၂၀၂၃)ရက်အထိ နံနက်(၉:၃၀)နာရီမှ ညနေ(၄:၀၀)နာရီအတွင်း လျှောက်ထားနိုင်ပါသည်။]

**မှတ်ချက်**။ အစိုးရရုံးပိတ်ရက်များ ပိတ်မည်ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/3259, Bajaj 200, 3Wheel Vehicle ယာဉ် လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇာလင်း ၈/ရစက(နိုင်) ၁၄၈၁၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

# ဦးဝင်းမြင့်ဦး ၁၀/ကတန(နိုင်)၁၆၁၁၂၉ ဖော်ဂျီလမ်းသွယ်(၄)၊ အလိုတော်ပြည့်(၅)လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့ဆိုသူနှင့် အများသိစေရန်

ဦးတုံချန်တာ (ခ) ဦးချမ်းသာ ၁၃/လရန(နိုင်) ၀၈၃၄၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ လူ နေရပ်ကွက်အမှတ်(သုဝဏ္ဏ)၊ မြေကွက်အမှတ် ၁/ခ၊ ဧရိယာ(၃ဒသမ၄၀၀)ဧက၊ အကျယ်အဝန်း (၁၄၈၁၀၄) စတုရန်းပေရှိ နှစ်(၆၀)မြေငှားစာချုပ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ကို မြေဂရန်အမည်ပေါက် ဦးအောင်မင်း (ဘ)ဦးကျော်အေး ၁၂/သဃက(နိုင်)၁၁၄၃၉၈ ထံမှ ၂၀၁၅ခုနှစ်ကပင် ကာလတန်ကြေးဖြင့် အရောင်းအဝယ်ကတိစာချုပ်ပြုလုပ်ကာ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ဝယ်ယူခဲ့ကြောင်းကို ဦးအောင်မင်းကိုယ်တိုင် အထူးကိုယ်စားလှယ်လွှဲစာနှင့် ကျမ်းကျိန်ဆိုလွှာပြုလုပ်ပေးခဲ့ပါသည်။

၂။ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၂၂ရက်တွင် ဦးဝင်းမြင့်ဦးဆိုသူမှ ၎င်းအနေဖြင့် ဦးတုံချန် တာ(ခ)ဦးချမ်းသာ ဝယ်ယူထားသော မြေကွက်နှင့်ပတ်သက်သောကိစ္စအရပ်ရပ် ကို ကူညီဆောင်ရွက်ပေးမည်ဟု ကမ်းလှမ်းပြောဆိုသည်ကို ယုံကြည်သဖြင့် ဦးတုံချန်တာ (ခ)ဦးချမ်းသာမှ အချင်းဖြစ်မြေကွက်နှင့် စပ်လျဉ်းသည့် ပိုင်ဆိုင်မှုအ ထောက်အထား အရေးကြီးစာရွက်စာတမ်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ခေတ္တပြသရန် ပေးအပ်ခဲ့သည့်အပြင် ၎င်းလိုအပ်သည်ဆိုသော စာချုပ်အချို့ကိုပင် ဟန်ဆောင်ချုပ်ဆိုပေးခဲ့ရပါသည်။ ယင်းသို့ ဟန်ဆောင် ချုပ်ဆိုပေးကြောင်းကိုလည်း ဦးဝင်းမြင့်ဦးကိုယ်တိုင် သီးသန့်စာချုပ်ဖြင့် ဦးတုံချန်တာ(ခ)ဦးချမ်းသာ ယုံကြည်အောင် ပြန်လည်ချုပ်ဆိုပေးခဲ့ပါသည်။

၃။ ယခုအခါ ဦးဝင်းမြင့်ဦးသည် ၎င်းချုပ်ဆိုပေးထားသော စာချုပ်စာတမ်းစည်းကမ်းချက်များကို လိုက်နာခြင်းမရှိဘဲ အချင်းဖြစ်မြေကွက်နှင့်ပတ်သက်၍ မမှန်မကန်သော လုပ်ဆောင်မှုများပြုလုပ်ရန်စီစဉ်ဆောင်ရွက်နေကြောင်း ဦးတုံချန်တာ (ခ) ဦးချမ်းသာမှ သတင်းရရှိသဖြင့် ဦးဝင်းမြင့်ဦးအား ဆက်သွယ်မေးမြန်းရာ ဆက်သွယ်၍ မရရှိတော့ပါ။ ထို့အတွက်ကြောင့် ၎င်းနှင့်သက်ဆိုင်သည့် ဌာနသို့ အရေးယူဆောင်ရွက်ပေးပါရန် တိုင်ကြားခဲ့ရာ ၎င်းမှာထွက်ပြေးတိမ်းရှောင်နေလျက်ရှိပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ လူ နေရပ်ကွက်အမှတ်(သုဝဏ္ဏ)၊ မြေကွက်အမှတ် ၁/ခ၊ ဧရိယာ(၃ဒသမ၄၀၀)ဧက၊ အကျယ်အဝန်း (၁၄၈၁၀၄) စတုရန်းပေရှိ နှစ်(၆၀)မြေငှားစာချုပ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးတုံချန်တာ(ခ)ဦးချမ်းသာမှသာပိုင်ဆိုင်ပြီး မည်သူမျှ လွှဲပြောင်းခြင်း၊ ရောင်းချ ခြင်း၊ တစ်နည်းနည်းပေးကမ်းခွင့်၊ ပေါင်နှံခွင့် လုံးဝမရှိပါကြောင်းနှင့်အထက်ပါမြေ ကွက်နှင့်စပ်လျဉ်း၍ ဦးတုံချန်တာ(ခ)ဦးချမ်းသာ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တစ်စုံတစ်ရာလျှောက်ထားခြင်း၊ အမည်ပြောင်းလဲခြင်းများကို လုံးဝပြုလုပ်ခွင့်မရှိပါကြောင်း တားမြစ်ကန့်ကွက်ပါသည်။

၅။ အချင်းဖြစ်မြေကွက်နှင့်စပ်လျဉ်း၍ ရယူသွားသောစာချုပ်စာတမ်းများကို ခုနစ်ရက်အတွင်း ပြန်လည်ပေးအပ်ပါရန်နှင့် ဦးတုံချန်တာ(ခ)ဦးချမ်းသာ၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ တစ်စုံတစ်ရာ လျှောက်ထားခြင်းများအတွက် ပြုလုပ်ဆောင်ရွက်သူများနှင့် အားပေးကူညီဆောင်ရွက်သူများကိုပါ တည်ဆဲဥပဒေနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းများအရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဦးတုံချန်တာ(ခ)ဦးချမ်းသာ | ဒေါ်ခင်သီတာလွင် | ဒေါ်ကေခိုင်ထွေး |
| ၁၃/လရန(နိုင်)၀၈၃၄၆၇ | ဥပဒေဘွဲ့(LL.B) | ဥပဒေဘွဲ့ LL.B |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၃၁/၂၆-၃-၂၀၁၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၇၂/၁၅.၁၂.၂၀၁၇) |
| | အမှတ်(၁၉)၊ ၁-လမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊ | အမှတ်(ဃ/၂၇)၊ မင်္ဂလာသီရိလမ်း၊ဆိပ်ကြီးအရှေ့ရပ်ကွက်၊ |
| | ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၂၄၉၂၃ | ဆိပ်ကြီးခနောင်တိုမြို့၊ ဖုန်း-၀၉-၄၂၀၀၄၂၆၈၄ |

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၅)၊ ဦးပိုင်အမှတ်(၁၆၀)၊ မြေဧရိယာ ၀ဒသမ ၁၈၄ ဧကရှိ မြေကွက်သည် မူလက ဦးအက်စ်ဒေါင်ဟောင်း အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၀၃၃/V-၁၉၈၉-၁၉၉၀ အရ(၃၀-၆-၂၀၂၀)ရက်အထိ နှစ်(၃၀) နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဦးအက်စ်ဒေါင်ဟောင်း က (၂၁-၆-၂၀၂၃)ရက်စွဲပါ မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၃၀၀/၂၀၂၃ အရ ၎င်းပိုင်ဆိုင်သည့်အိမ်ခြံမြေကွက်အား သားဖြစ်သူ ဦးဟောင်းခေါင် ၁/မကန(နိုင်)၀၉၃၃၁၉ ထံသို့ အပြီးအပိုင် မေတ္တာဖြင့် ပေးကမ်းပေးခဲ့ပါသည်။ ယခုအခါ ဦးဟောင်းခေါင် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ် (၇၄/၁)၊ ဦးပိုင်အမှတ်(၁၀၆၇)၊ မြေဧရိယာ (၀ဒသမ၁၂၃)ဧကရှိ မြေ ကွက်သည် မူလက ဦးကြည်ရှင်းအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၄၁၀/V၂၀၁၀-၂၀၁၁ အရ (၁၁-၁၁-၂၀၂၀)ရက်အထိ (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဦးကြည်ရှင်း (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်ဆန်း)က (၂၁-၈-၂၀၂၃)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၉၃/၂၀၂၃) အရ ဦးအောင်မျိုးဝင်း ၅/ကဘလ(နိုင်)၁၀၇၅၄၅ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးအောင်မျိုးဝင်း အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ကျောင်းကုန်း (၁)လမ်းသွယ်၊ အမှတ် (၁၆၉)၊ မြေညီကား ပါကင်ပြုလုပ်ထားသော RC (၅)ထပ်အဆောက်အအုံ၏ အခန်းအမှတ် (4-E)၊ (၄-လွှာ)၊ ဧရိယာ (၈၄၀)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးစိုးဝင်း ၁၂/သဃက(နိုင်)၁၄၅၆၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုးသူဆန်း ၁၄/ကလန(နိုင်)၁၀၅၅၉၂ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးသူဆန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည် CC/မြနန္ဒာ၊ ဦးပိုင်အမှတ် (၁၇၉)၊ ဧရိယာ (၀ဒသမ၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန် သက်တမ်းတိုးရရှိရန်အတွက် ဦးဘုန်းဇော်အောင် ၁၂/မဘန(ပြု) ၀၀၀၀၃၀က လျှောက်ထားဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက် ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည် CC/မြနန္ဒာ၊ ဦးပိုင်အမှတ်(၁၈၀)၊ ဧရိယာ (၀ဒသမ၀၅၅)ကေရှိ မြေကွက်အား မြေငှားဂရန် သက်တမ်းတိုးရရှိရန်အတွက် ဦးဘုန်းဇော်အောင် ၁၂/မဘန(ပြု) ၀၀၀၀၃၀က လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၃)၊ မြေကွက်အမှတ်(၁၀၇၈)၊ သုခိတာလမ်း၊ အကျယ်အဝန်း(၄၀ပေX ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးအောင်တေဇ ၁၀/မလမ(နိုင်)၁၈၄၅၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါ သည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်အေးမြမွန်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ် ၆၊ ၄-လွှာ(ယာ)၊ ၁၂၃ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/9977 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၆၅၁၊ မြေကွက်တည်နေရာအမှတ် ၆၅၁၊ (၁၁)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ပါမစ်မြေအား ဦးခွန်အောင်စိုး ၇/ပခန(နိုင်)၂၅၀၉၀၁၊ TTN -၁၇၄၀၉၇မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ် တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ် လျှောက်ထားလာခြင်းအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှလွှဲပြောင်းပေးသော အခွန်ခွဲဝေစည်းကြပ်မှု မှတ်ပုံစာရင်းတွင် ဇမည်ုအေးဟု မှတ်သားထားသဖြင့် လျှောက်ထားသူ တင်ပြထားသော အမည်ပေါက်နှင့် ကွဲလွဲနေပါ၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ အတည်ပြုမေးမြန်းခဲ့ရာ ၎င်းဌာနမှ အဆိုပါမြေကွက်၏ ပါမစ်အမည်ပေါက်မှာ ဗိုလ်ကြီး ခွန်အောင်စိုး (TTN-၁၇၄၀၉၇) ဖြစ်ကြောင်း၊ ပြန်ကြားလာသဖြင့် အခွန်ခွဲဝေစည်းကြပ်မှု မှတ်ပုံစာရင်းတွင် ရုံးအမိန့်ဖြင့် အမည်ပေါက် ဗိုလ်ကြီးခွန်အောင်စိုး ဟုမှတ်သားပြီး လျှောက်ထားမှုအား မြေပြင် ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၁၅' x ၂၀')ကျောက်ပြားကာသွပ်မိုး အဆောက်အအုံ တစ်လုံးရှိပြီး ကွင်းဆင်းသည်ကို သိရှိကြောင်း လျှောက်ထားသူမှ လက်မှတ် ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးခွန်အောင်စိုးမှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/65639 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၉/ရမသ(နိုင်)၀၈၇၂၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရမည်းသင်း)**




## ပြင်ဆင်ဖတ်ရှုပါရန်

၉-၉-၂၀၂၃ရက်နေ့ မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ (၃၀)ပါ ဒေါ်ဝေဖြိုးအောင် (တရားလွှတ်တော်ရှေ့ နေ-စဉ်-၁၅၄၅၅)၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် မီနီကွန်ဒို ဟု မှားယွင်းဖော်ပြမိသဖြင့် ကွန်ဒိုဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ ဟိုနား အထက(ခွဲ) Grade-9 မှ နန်းနွမ်းလောဝ်၏ မိခင်အမည်မှန်မှာ နန်းဆွမ်း ၁၃/လလန(နိုင်)၀၅၉၇၉၆ ဖြစ်ပါကြောင်း။

**နန်းဆွမ်း**

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ ဟိုနား အထက(ခွဲ) Grade-10 မှ နန်းအုန်းမြ၏ မိဘအမည်မှန်မှာ ဦးချစ်သောင်း ၁၃/တကန(နိုင်)၁၇၃၀၂၁ နှင့် ဒေါ်ထွေးထွေးယဉ် ၁၃/တကန(နိုင်)၃၆၂၄၇၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ အထက(၈)၊ Grade-10(B)မှ မောင်ကောင်းခန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိုး ဖြစ်ပါကြောင်း။

**ဦးခင်မောင်စိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/82703, Honda Dream-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၁၂/သခန(နိုင်)၀၃၈၅၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/80825 ယာဉ်လက်ဝယ်ရှိသူ ဦးလင်းအောင် ၇/ဖမန(နိုင်)၁၂၂၆၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ယုဇနလမ်း၊ အိမ်အမှတ်(၃/၉၀)နေ မောင်ကျော်စိုင်းရဖျက်ထာဆန်း ၁၃/တကန(နိုင်)၃၄၈၇၁၁ ၏ ဖခင်အမည်မှန်မှာ ဦးဌျန်ဖျက်ထောင်းလျှန် ၄/ဖလန(နိုင်)၀၀၆၂၂၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ အထက (၁၀)၊ Grade-11(A)မှ မောင်အောင်ခန့်ဇော် ၁၃/တကန(နိုင်)၃၈၅၈၆၉၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၉-၂၀၀၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/49085,TVS WEGO-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၁၂/သခန(နိုင်)၀၃၈၅၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/2690,SUZUKI ERTIGA, STATION WAGON(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ချိုအေး ၁၂/တမန(နိုင်)၀၉၅၄၆၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ သူရိယလမ်း၊ မြေကွက်အမှတ် (ဒ-၃၂၁၅၉)ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ ပေ ၈၀x၈၀ (၀.၁၄၆)ဧကရှိ (၃-၁-၂၀၂၃)ရက်စွဲပါစာအမှတ် ၇၂၇/၁၈-၄/နပတ(မြို့/မြေ)ဖြင့် ချထားပေးသော မြေပေးမိန့်အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သည့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမာလာ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၉၉၄)**
**ပ-၃၂၃၇၃၊ ငုရွှေဝါလမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၄၀၀၄၂၉၅၉၇၊ ၀၉-၆၉၃၀၀၉၅၈၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မကွေးတက္ကသိုလ်၊ မကွေးမြို့ ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မကွေးတက္ကသိုလ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁ ခုနှစ် ဧပြီလနှင့် မေလတွင် ကျောင်းပပြီးစီးခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ(ဘွဲ့)သင်တန်း၊ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ကျောင်းပပြီးစီးခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ ဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ကျောင်းပပြီးစီးခဲ့သော မဟာ ဝိဇ္ဇာ/သိပ္ပံ/ဥပဒေ(ဘွဲ့) သင်တန်း၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ ၂၀၂၃ခုနှစ်၊ မတ်လတွင် ကျောင်းပပြီးစီးခဲ့သော ဥပဒေ(ဘွဲ့)သင်တန်း၊စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများ နှင့် ၂၀၁၉ ပညာသင်နှစ်၊ မကွေးတက္ကသိုလ်(အဝေးသင် သင်တန်း)နှင့် ရေနံချောင်းဒီကရီကောလိပ်(အဝေးသင် သင်တန်း)တို့မှ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေ(ဘွဲ့)၊ ၂၀၂၂ ပညာသင်နှစ်၊ မကွေးတက္ကသိုလ်(အဝေးသင်သင်တန်း) ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေ(ဘွဲ့)၊ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများအတွက် မကွေးတက္ကသိုလ်၏ (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန်နှင့်အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း၍ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

**တက်ရောက်ဘွဲ့ကြေး** - ၁၅၀၀ိ/(ကျပ်တစ်သောင့်ငါးရာကျပ်တိတိ)

**အဝေးရောက်ဘွဲ့ကြေး** - ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)

လျှောက်လွှာတင်သွင်းရမည့်ရက် - (၂-၁၀-၂၀၂၃)ရက်မှ (၂၀-၁၀-၂၀၂၃)ရက်အထိ

**မှတ်ချက်**

၁။ သတ်မှတ်လျှောက်လွှာပုံစံဖြင့် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် တင်သွင်းလျှောက် ထားရမည်။

၂။ လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသော (၂"x ၁ ၁/၂")ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ စနစ်တကျ ဝတ်ဆင်၍ သပ်ရပ် စွာ ရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။

၃။ သတ်မှတ်ဘွဲ့ကြေးများကို မကွေးတက္ကသိုလ်၊ ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။

၄။ ဥပဒေပညာအထူးပြုနှင့်ဘူမိဗေဒအထူးပြုဘာသာရပ်များဖြင့် (ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့် အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်မိတ္တူ(၂)မျိုးလုံး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ ပါရှိရမည်ဖြစ်ပြီး ကျန်အထူးပြုဘာသာရပ်များမှ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူတက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူပါရှိမှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံပေးမည် ဖြစ်ပါသည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆) လပြည့်သည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ အသေးစိတ် အချက်အလက်များကို မကွေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

(အေးပိုင်)

**မော်ကွန်းထိန်း၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မကွေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊အေးမြင့်သာယာရပ်ကွက်၊မြေတိုင်းရပ်ကွက် အမှတ်(၂၄)၊ မြေကွက် အမှတ် (၁၆၂၅/ကင်မွန်းတန်း)၊ ဧရိယာ(၁.၉၂)ဧကရှိ နှစ်(၃၀) စက်မှု/စီးပွား ဂရန်မြေကွက် နှင့် ယင်းမြေပေါ်ရှိ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာရပ်ကွက်၊ အကွက်အမှတ် ၁၆၂၅/ကင်မွန်းတန်း)ဟု ခေါ်တွင်သော နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ပြောဆို ဝန်ခံကတိပြုသူ ဦးလှထွန်း ၉/ပမန(နိုင်)၀၇၄၉၇၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစည်သူထွန်း ၁၂/ဥကတ(နိုင်) ၁၃၉၈၈၃ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးညွန့်(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၃၉၉၇၃)**
**ကျော်ညီနောင်ရပ်ကွက်၊ ပျဉ်းမနားမြို့။ ဖုန်း-၀၉-၄၃၀၂၀၂၄၆၊ ၀၉-၄၀၀၀၉၆၅၆၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးမှ ပွဲရုံဆိုင်ခန်းအမှတ် (ပ-၁၂) ဒေါ်နန်းမုတ် ၁၃/ကတန(နိုင်)၀၁၇၆၉၁ အမည်ဖြင့် ထုတ်ပေးထားသော "ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်"မှာ ပျောက်ဆုံးသွားပါသဖြင့် "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်)ထုတ်ယူခွင့် ပြုပါရန် "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း)ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စု ဇယား(မိတ္တူ)များတင်ပြပြီး "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်) လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး(၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်နန်းမုတ် အမည်ဖြင့် ထုတ်ပေးထားသော "ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း)အား ပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ "ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်) ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်း မြောက်/အရှေ့ရပ်ကွက်၊ ဌာနာလမ်း၊ တိုက်အမှတ် (၅၇)၊ အခန်း (တတိယထပ်) (၄လွှာ)၊ အကျယ်အဝန်း (၂၃ပေ× ၄၈ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသန့်ဇင်ဦး (၁၂/ကမရ (နိုင်) ၀၁၀၆၇၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှ စ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)** |

**ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆**

## မသက်ဆိုင်ပါကြောင်း

ဦးမောင်ကြွယ်(ဘ)ဦးလှိုင် (၁၃/ပလန(နိုင်)၀၅၇၂၂၀)သည် ၁၅-၂-၂၀၂၀ရက်မှစ၍ မိမိဆန္ဒအတိုင်း အိမ်ပေါ်မှဆင်းသွားပါသဖြင့် ကျွန်မ ဒေါ်စုစုလွင်တို့နှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။ **ဒေါ်စုစုလွင် ၁၂/လမန(နိုင်)၀၁၇၂၉၇**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ၁၃၂ကေဗွီ နမ့်စန်-တောင်ကြီး ဓာတ်အားလိုင်း(၅၄)မိုင်အတွက် တာဝါတိုင်များ သယ်ယူပို့ဆောင်ရန် တင်ဒါအမှတ် - ၀၈/သယ်ပို့/(တင်ဒါ-ဓပစ)၂၀၂၃-၂၀၂၄(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ၊ ပစ္စည်းစီမံရေး ဌာန၊ ရုံးအမှတ်(၂၇) ၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၉-၁၀-၂၀၂၃) ရက် (၁၂:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moep.gov. mm) တွင်လည်း ကြေညာမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ရုံးအမှတ်(၂၇) ၊နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက (အောက်မအူတုံး) G-12မှ မအိမြတ်မွန် ၏ ဖခင်အမည်မှန်မှာ ဦးနေထွန်း ၁၄/မမက(နိုင်) ၀၅၃၆၉၂ ဖြစ်ပါကြောင်း။

**ဦးနေထွန်း**

## ဖခင်အမည်မှန်

မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့၊ အမှတ် (၃)၊ ရွှေတောင်းကျောင်းမှ G-6 တွင် ပညာသင်ကြားနေသော မအေးမြတ်ဖြူ၏ဖခင် ဦးစိုးမြင့်နိုင်၏ အမည်မှန်မှာ ဦးအိုက်စိုး ၅/ဖပန(နိုင်) ၁၁၆၁၁၇ ဖြစ်ပါကြောင်း။

## အမည်မှန်

အမ်းမြို့၊ အထက(၂) Grade-9မှ ဦးမာနီဂျာ၏ သမီး မပုမယေ၏ အမည်မှန်မှာ မခိုင်မာသဇင် ဖြစ်ပါကြောင်း။

**ခိုင်မာသဇင်**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၃) G-10 တန်းမှ မောင်မျိုးလှိုင်ဝင်း၏ ဖခင် ဦးစောသိန်းမောင်၏ အမည်မှန်မှာ ဦးသိန်းစောမောင် ၁၁/ မဥန(နိုင်) ၀၄၆၇၇၁ ဖြစ်ပါကြောင်း။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ် (၂၂)၊ ဦးပိုင်အမှတ် (၅)၊ မြေဧရိယာ ၀.၀၉၆ဧကရှိ မြေကွက်သည် မူလက ဦးကြည်ဌေး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၁၇/V ၁၉၈၉-၁၉၉၀ အရ (၁၆-၇- ၂၀၂၂)ရက်ထိ နှစ် (၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးကြည်ဌေးနှင့် ဇနီး ဒေါ်ခင်လေးတို့ (၂)ဦး သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏သား/သမီးများဖြစ်သည့် ဒေါ်ကြည်ကြည်ဦး ၁/မကန(နိုင်)၀၁၆၈၃၂၊ ဒေါ်သင်းသင်းခိုင် ၁/မကန(နိုင်)၀၁၆၈၃၃၊ ဒေါ်ချိုမာခိုင် ၁/မကန(နိုင်)၀၁၆၉၃၅၊ ဦးမင်းကြည် ၁/မကန(နိုင်)၀၇၇၃၀၈၊ ဦးညီညီဌေး ၁/မကန(နိုင်)၁၀၀၂၂၃၊ ဒေါ်မိုးမိုးအေး ၁/မကန(နိုင်)၀၁၂၅၀၇၊ ဦးတင်မောင်ဌေး ၁/မကန(နိုင်)၀၇၇၃၀၉၊ ဒေါ်မေမီအောင် ၁/မကန(နိုင်)၁၃၀၇၂၆ (၈)ဦးတို့က ၇-၄-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၅၀/၂၀၂၃) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ကြည်ကြည်ဦးပါ (၈)ဦးတို့ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှု အပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်၊ အိမ်အမှတ်(၄၃-ခ)၊ အကွက်အမှတ်(၁၉-ပြည်လုံးနိုင်)၊ ဦးပိုင်အမှတ်(၁၅၀)၊ မြေကွက်အမှတ် (၁၉၅)၊ ဧရိယာ(၀ ဒသမ ၀၅၉)ဧကရှိ ဦးလှဘော် အမည်ဖြင့် နှစ်(၃၀) ဂရန်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြောက်ဘက်ခြမ်း (၁၈ x ၅၇)ပေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်မြင့်၏ သားသမီးများဖြစ်ကြသော ဒေါ်ညိုမီအောင် ၉/ကဆန(နိုင်) ၀၀၁၄၀၂၊ ဦးဇော်ကိုကိုအောင် ၉/ကဆန(နိုင်)၁၀၇၀၆၄၊ ဒေါ်စုစီအောင် ၉/ကဆန(နိုင်) ၁၀၇၀၆၅၊ ဒေါ်နွယ်နီအောင် ၉/ကဆန(နိုင်)၁၂၉၆၀၄၊ ဦးထူးကိုကိုအောင် ၉/ကဆန(နိုင်)၁၇၀၆၁၇ တို့မှ လက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချနိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို သောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမင်းအောင် ၁၄/ဓနဖ(နိုင်) ၁၆၉၂၆၅မှ ဝယ်ယူရန် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိုးမင်းအောင်** | **ဒေါ်အေးသီရိအောင်(LL.B)** |
| **၁၄/ဓနဖ(နိုင်) ၁၆၉၂၆၅** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆၉)** |
| | **အောက်ချိုင်းရပ်၊ ကျောက်ဆည်မြို့။** |



## ကုန်အမှတ်တံဆိပ် ကြေညာခြင်း

လားရှိုးမြို့၊ရပ်ကွက် (၁)၊ နယ်မြေ(၇)နေ ဦးရဲမြင့်အောင်(ဘ) ဦးအောင်ဝင်း ၇/အတန(နိုင်)၀၄၂၂၆၂ သည် ဖော်ပြပါ **"မဟာမြတ်သုခသက်န်းတိုက်"** အမှတ်တံဆိပ်ဖြင့် နိဗ္ဗာန်ကုန်ဖြန့်ချိရေး လုပ်ငန်းလုပ်ကိုင်နေခြင်းအား အများသိစေရန်နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ **ဦးရဲမြင့်အောင် ဖုန်း-၀၉-၄၀၃၇၃၇၀၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ကွင်း/ အကွက်အမှတ် (၁၆-ဂန္ဓမာ)၊ ဦးပိုက်အမှတ် ၁၁၆၊ ဧရိယာ ၀ ဒသမ ၁၄၈ ဧကရှိ ဒေါ်သန်းသန်းမော် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီးတရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးအောင်ဆန်း ၇/ပမန(နိုင်)၀၃၀၀၀၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးရဲမင်းထွန်း ၁၂/လမတ(နိုင်)၀၂၆၈၁၅ သည် အပိုင်ဝယ်ယူရန်အတွက် ၉-၉-၂၀၂၃ ရက်တွင် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်မာသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
